# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 16 March 2023 ၁၁၀၄၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ ၂၄ နာရီတာဝန်ရှိ ထမ်းဆောင်ရာတွင် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန်လို သို့မှသာ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လွိုင်ကော်တပ်နယ် အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**မဆုတ်မနစ် ထမ်းဆောင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ ၂၄ နာရီ တာဝန်ရှိကြောင်း၊ ထိုသို့ ထမ်းဆောင်ရာတွင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန်လိုကြောင်း၊ စစ်ဆင်ရေး၊ လုံခြုံရေး တာဝန်ထမ်းဆောင်ရာတွင် သင်ကြားပေးသည့် စစ်ပညာများကို မှန်မှန်ကန်ကန် အသုံးချရန်နှင့် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်း၊ ကိရိယာများကို အပြည့်အဝ ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ သို့မှသာ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


သမိုင်းကိုအနှစ်ထုတ်နိုင်ပါမှ နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်နေမှာ ..... ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင္ဍမနေ့တွင် ဇီဝဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦးနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိ စာမျက်နှာ » ၉

နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက် စာမျက်နှာ » ၁၀

ကြေးမုံ

# ကျေးလက်စီးပွားအလေးထား တောင်သူလယ်သမားဘဝမြင့်မား

တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်များနှင့်မူဝါဒများကို အကောင်အထည်ဖော်ရာရောက်သကဲ့သို့ နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သောအခွင့်အရေးများနှင့် အကျိုးစီးပွားများရရှိစေရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေအရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဦးဆောင်၍ လုပ်ငန်းတာဝန်များကို တိကျစွာအကောင်အထည်ဖော်လျက်ရှိသည်။ တောင်သူလယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးတက်တင်ပို့ရေးအတွက် အရေးပါသည့် အင်အားစုကြီးဖြစ်သည်။ လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းပါဝင်နေသဖြင့် လယ်ယာကဏ္ဍမြင့်မားရေးကို အလေးထားဆောင်ရွက်နေသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ထုတ်ပြန်ပေးခဲ့သည်။ MEB Two Step Loan အစီအစဉ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးထားသည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေများတွင် ခွင့်ပြုချက်ရရှိပြီးသူများ ချေးငွေရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် စီမံပေးထားသည်။ ဆိုလာစီမံကိန်းများဖြင့် ရေလိုအပ်သည့်နေရာများတွင် သင့်လျော်သည့်ဆိုလာစနစ်များ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဆည်ရေသောက်စနစ်တွင် ရေသောက်တောင်သူလယ်သမားများဖြင့် ရေအသုံးချသူများအဖွဲ့(Water Use Group-WUG) များကို ဖွဲ့စည်းဆောင်ရွက်ပေးထားသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ WUG အဖွဲ့ပေါင်း ၈၈၅၅ ဖွဲ့နှင့် တောင်သူဦးရေ ၂၂၆၉၃၀ ဦး ဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်းမှတစ်ဆင့် Water Use Association-WUA အသင်း ၁၀ သင်းအထိ တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာမျိုးစုံကို လက်ငင်းစနစ်၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ ငှားရမ်းထွန်ယက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာအခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ Call Centre များဖွင့်လှစ်ခြင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ် သွင်းအားစုဈေးနှုန်းများထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံအခြေခံရည်ညွှန်းဈေးနှုန်းသတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းရန်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေကြာသီးနှံ စိုက်ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးရေးအကောင်အထည်ဖော်လျက်ရှိရာ နေကြာစိုက်တောင်သူများအတွက် နိုင်ငံတော်က ငွေကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံအား မိုးနှင့်ဆောင်းနေကြာစိုက်ပျိုးရန် ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ပြည်သူလူထု ဝတ်ရေးအဆင်ပြေစေရေး၊ ပြည်ပမှ ချည်မျှင်နှင့်ဝါ ဝယ်ယူသွင်းကုန်အစားထိုးရေး၊ ဝါသီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ဝါစိုက်ပျိုးဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရေးကိုရည်ရွယ်၍ လေးနှစ်တာအထူးစီမံကိန်း ဧက ခုနစ်သိန်း အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းဧက ငါးသိန်းနှင့် နှမ်းစပါး ၈ ဒသမ ၅ သိန်း ဧကအတွက်လည်း လျာထားဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် ငွေကျပ် သန်း ၃၀ စီဖြင့် ကျေးရွာပေါင်း ၃၉၄ ရွာတွင် အကောင်အထည်ဖော်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သော ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးအခြေအနေ ပြန်လည်မြှင့်တင်ရန် ကယား၊ ချင်း၊ ရခိုင်ပြည်နယ်သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ငွေကျပ် ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသကြီး ခြောက်ခုသို့ ငွေကျပ် ငါးဘီလီယံစီ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၀၀ ဘီလီယံကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ကျေးလက်စီးပွားအလေးထားကာ ဆောင်ရွက်ပေးနိုင်မှုကြောင့် တောင်သူလယ်သမားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ညောင်လေးပင်မြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်



ညောင်လေးပင် မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာအသင်းတို့ပူးပေါင်းကာ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ သင်တန်းမှူး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဦးစိုးဝင်း(မောင်စုမြင်-ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး ပန်းချီရေးဆွဲရာတွင် လိုအပ်သော အခြေခံအချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နီနီဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသားသင်တန်းသူ ၆၂ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၄၂၈ | ၃,၄၆၆,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၂,၅၇၇ | ၈,၂၄၆,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၃၀၀ | ၁၆၄ | ၁,၂၂၉,၄၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂,၂၃၈ | ၃,၅၇၄,၄၅၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၂ | ၅,၁၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၀၀ | ၂၆၅,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၉၃ | ၉၄၅,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၄၂.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၄.၂၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၄၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၃၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၁၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၇.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၉.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၊ လွိုင်ကော်မြို့ရှိ ရတနာသီရိ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၁၅**

ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ် အတွင်းရှိ ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းနိုင်စိုး၊ ဆီစက်လုပ်ငန်းရှင် ဦးလှသောင်း၊ ပြောင်းအခြောက်ခံစက်နှင့် သဘာဝမြေသြဇာထုတ်ယူခြင်း လုပ်ငန်းရှင် ဒေါ်သန်းသန်းနု၊ လွိုင်ကော်စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ထွန်း၊ ကယားပြည်နယ် ကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးသိန်းလွင်၊ စိုက်ပျိုးရေးလုပ်ငန်းရှင် ဒေါ်မေသူဇော်နှင့် ကြက်၊ ဝက်မွေးမြူရေး လုပ်ငန်းရှင် ဦးခွန်ကျော်စိုးမိုးနိုင်တို့က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးမှု၊ လုပ်ငန်းအတွက် ချေးငွေရယူလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်အရင်းအနှီးများ မတည်ဆောင်ရွက်ပေးမှု၊ သွင်းအားစုရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်လျက်ရှိမှုစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လက်ခံရယူစဉ်။

**အမှာစကား ပြောကြား**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အလေးထားစိတ်ဝင်စားလျက်ရှိပြီး လိုအပ်သည်များကို အမြဲစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မပြတ်ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီများဖွဲ့စည်းမှုဖြင့် ရပ်တန့်နေ၍မရဘဲ လုပ်ငန်းများအမှန်တကယ် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ Member Card နှင့် ပတ်သက်၍ MSME လုပ်ငန်းများအပြင် အခြားလုပ်ငန်းရှင်အားလုံးပြုလုပ်ထားရန်လိုကြောင်း၊ Member Card သည် အခွင့်အရေးများစွာရှိပြီး လေ့ကျင့်သင်ကြားမှု၊ ဈေးကွက်ရရှိမှုများအပြင် နိုင်ငံတကာအထိ ပြပွဲ၊ ပြိုင်ပွဲများတွင် ခင်းကျင်းပြသနိုင်ရန် အခွင့်အလမ်းများရှိ၍ လုပ်ငန်းရှင်များအနေဖြင့် ပြုလုပ်ထားရန်လိုကြောင်း၊ Human Resources နှင့် ပတ်သက်၍ MSME နှင့်ဆက်နွှယ်သော ဝန်ကြီးဌာနများအလိုက် Website များ ဖွင့်လှစ်ထားရှိပြီး သင်တန်းများဖွင့်လှစ်ပေးနေမှုများကို လေ့လာကြည့်ရှုနိုင်ကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်း ၆၂ ခု လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်ရာတွင်လည်း ဒေသထွက် ကုန်ကြမ်းကိုအခြေခံ၍ အရည်အသွေးကောင်းသည့် ကုန်ချောထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ကယားပြည်နယ်၏ အဓိက ထွက်ကုန်ကြမ်းများဖြစ်သော ပြောင်း၊ ဆန်မွှေး၊ ငရုတ်၊ ဖာလာ စသော ကုန်ကြမ်းများစွာရှိ၍ ၎င်းတို့ကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလျင်အမြန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ One Region–One Product အရ ဒေသ၏နာမည်ကြီးထုတ်ကုန်ဖြစ်သော ဝက်အူချောင်း၊ အထည်များထွက်ရှိရာ ထုပ်ပိုးမှု အဆင့်မီအောင် မြှင့်တင်၍ ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ **ကယားပြည်နယ်၏ အဓိက ထွက်ကုန်ကြမ်းများဖြစ်သော ပြောင်း၊ ဆန်မွှေး၊ ငရုတ်၊ ဖာလာ စသော ကုန်ကြမ်းများစွာရှိ၍ ၎င်းတို့ကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလျင်အမြန် အထောက်အကူပြုနိုင်မည်**

☆ **လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှု၊ ဈေးကွက် စသော ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အတွက် ကျွမ်းကျင်လုပ်သားရရှိရန်မှာ အရေးကြီး**

☆ စာမျက်နှာ ၃ မှ

မွေးမြူရေးနှင့်ပတ်သက်၍ သုံးစွဲရမည့် အရင်းအနှီး၊ အစာ၊ ထုတ်ကုန်ဖြစ်သော နေရာ၊ လုပ်သားအတွက် စနစ်တကျ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအနေဖြင့် ကာကီကင်း ဘဲမွေးမြူရေးလုပ်ငန်းသည် နေရာ၊ အရွယ်အစား အနည်းငယ်ဖြင့် အရေအတွက်များစွာ မွေးမြူနိုင်ပြီး နေရာကျဉ်းကျဉ်း လူနည်းနည်းဖြင့် ဝန်ကျဉ်းစွာဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ လိုအပ်သည့် နည်းပညာများ ရယူလိုပါက စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆန်မွှေးနှင့်ပတ်သက်၍ ထုတ်ကုန်အရည်အသွေးသည် အရေးကြီးကြောင်း၊ ထုတ်ကုန်များသည် (Good Manufacturing Practices)နှင့် (Good Agricultural Practices)ရှိသည်နှင့် မရှိသည့် ကွာခြားမှုရှိပြီး ပစ္စည်းတူသော်လည်း ဈေးနှုန်းရရှိမှုမှာ အဆမတန်ကွာခြားကြောင်း၊ ဈေးကွက်ရရှိမှု ကွာခြားသဖြင့် GMP/GAP သင်တန်းများ မဖြစ်မနေလုပ်ဆောင်သင့်ကြောင်း၊ အလားတူ နိုင်ငံခြားပို့ကုန်များနှင့် ပတ်သက်၍ အရည်အသွေးအာမခံ အန္တရာယ်ကင်းရှင်းမှုအတွက် FDA လက်မှတ်သည်လည်း ပြည်ပဈေးကွက်အတွက် အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း။



## ဆက်ကပ်လှူဒါန်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဥတ္တရာရုံကျောင်းတိုက် ရတနာသီရိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတအား ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်သို့ ငွေကျပ် ၁၀ ဘီလီယံအရင်းမပျောက် မတည်ပေးထားကြောင်း၊ ကယားပြည်နယ်အနေဖြင့် အခြားပြည်နယ်များနှင့် တစ်ပြေးညီ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်ရန် စေတနာဖြင့် ဒေသခံပြည်သူများအတွက် ထုတ်ပေးထားခြင်းဖြစ်ကြောင်း။

ချေးငွေရယူမှုနှင့် ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်မှာ အရေးကြီးကြောင်း၊ သို့မှသာ ထပ်မံလုပ်ကိုင်လိုသူများအတွက် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ MSME အတွက် လိုအပ်သော အဓိကအချက်မှာ အရင်းအနှီးဖြစ်ပြီး ချေးငွေရယူလိုကြောင်း တင်ပြလာသည်ကို တွေ့ရကြောင်း၊ ချေးငွေတင်ပြသူများတွင် ယခင်ကြွေးမြီကို ပေးဆပ်ရန် ကျန်သူအများစုကို တွေ့ရှိရကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှု၊ ဈေးကွက်စသော ကုန်ထုတ်လုပ်မှု အဆင့်ဆင့်အတွက် ကျွမ်းကျင်လုပ်သားရရှိရန်မှာ အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအားလုံးတွင် ကုန်ကြမ်းမှ ဈေးကွက်ရောက်သည်အထိ အဆင့်လိုက်တွင် ကျွမ်းကျင်သူများ လိုအပ်ကြောင်း၊ MSME လုပ်ငန်းကော်မတီများတွင် Website များရှိ၍ သင်တန်းဆိုင်ရာ လေ့ကျင့်မှုများအတွက် တင်ပြတောင်းခံရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းမှုများရှိခဲ့ပြီး စက်ကိရိယာများ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရန်မှာ အနည်းဆုံး KG+9 အဆင့် အောင်မြင်ရန်လိုကြောင်း၊ သို့မှသာ Vocational Training မှတစ်ဆင့် အဆင့်မြင့်ပညာရေးနှင့် လုပ်ငန်းခွင်များအထိ ဆက်လက်သွားနိုင်မည်ဖြစ်ကြောင်း။

သွင်းအားစုနှင့်ပတ်သက်၍ လုပ်ငန်းအလိုက် အမျိုးအစားများစွာရှိကြောင်း၊ လျှပ်စစ်၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ စသဖြင့်ရှိမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမှုများရှိသကဲ့သို့ ဒေသအလိုက်ဖြစ်နိုင်သည့် နေစွမ်းအင်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ်များကိုလည်း တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်၍ နှစ်စဉ်နိုင်ငံခြားငွေ များစွာသုံးစွဲနေရသဖြင့် ချွေတာသုံးစွဲရန် နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လမ်းညွှန်မှာကြားထားကြောင်း။

MSME အဓိက ဦးတည်ချက်သည် ဒေသကုန်ကြမ်းကို အခြေခံထုတ်လုပ်၍ ပြည်ပသို့ ပို့နိုင်သည်အထိ အရည်အသွေးကောင်းရန်လိုကြောင်း၊ ထိုသို့ MSME လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ကြမ်းထုတ်လုပ်သူ၊ ကုန်ချောထုတ်လုပ်သူ၊ ရောင်းဝယ်သူ အားလုံးအကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း ရရှိသည့် အခွန်ဝင်ငွေဖြင့် ဝန်ထမ်းများအား လုပ်ခလစာများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME သည် အဓိကအရေးကြီးပြီး Importer အဆင့်မှ ပြည်ပသို့ တင်ပို့သူ Exporter အဖြစ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုစဉ်။

☆ MSME လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ကြမ်းထုတ်လုပ်သူ၊ ကုန်ချောထုတ်လုပ်သူ၊ ရောင်းဝယ်သူ အားလုံးအကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း ရရှိသည့်အခွန်ဝင်ငွေဖြင့် ဝန်ထမ်းများအား လုပ်ခလစာများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်

☆ လျှပ်စစ်နှင့်ပတ်သက်၍ နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမှုများရှိသကဲ့သို့ ဒေသအလိုက်ဖြစ်နိုင်သည့် နေစွမ်းအင်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ်များကိုလည်း တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်

### လက်ဆောင်ပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ လွိုင်ကော်မြို့ရှိ ဥတ္တရာရုံကျောင်းတိုက်သို့ သွားရောက်ကာ ရတနာသီရိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များအား ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရတနာသီရိကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်ကြီးများထံသို့ သာသနာရေးဆိုင်ရာကိစ္စရပ်များအား တင်ပြလျှောက်ထားကြပြီး ဆရာတော်များထံမှ ဆုံးမဩဝါဒများ နာယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ကက်သလစ် သာသနာအသင်းတော်၊ နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ကယား ဖူးနှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ အင်္ဂလီကန်အသင်းတော်၊ ယေ ဟောဝါအသင်းတော်၊ သတ္တမနေ့ ဥပုသ်အသင်းတော်နှင့် ကေ့ထိုးဘိုး ရိုးရာအဖွဲ့များမှ ဘာသာရေး ခေါင်းဆောင်များအား ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံ သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘာသာရေး အသင်းအဖွဲ့များမှ ခေါင်းဆောင် များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ တွင် ကယားပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး အတွက် ပြည်နယ်မှ တာဝန်ရှိသူ များနှင့် မပြတ်ဆက်သွယ်စီမံ ဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်နယ်၏ ဘာသာရေးကိစ္စ၊ လူမှုရေးဆိုင်ရာကိစ္စ အခက်အခဲ များရှိခဲ့လျှင် ဖြေရှင်းညှိနှိုင်းပေး နိုင်ရေး တွေ့ဆုံခြင်းဖြစ်ကြောင်း။

ပြည်နယ် တည်ငြိမ်အေးချမ်း ရေးသည် အရေးကြီးကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလအတွင်း အကြမ်းဖက် အဖွဲ့အစည်းများ ကြောင့် လွိုင်ကော်မြို့အနီးတစ်ဝိုက် အထိ လုံခြုံရေးအရ ခြိမ်းခြောက်မှု များရှိခဲ့ပြီး တည်ငြိမ်အေးချမ်းမှု မရှိခဲ့သော်လည်း ယခုအခါများစွာ တည်ငြိမ် အေးချမ်းလာသည်ကို တွေ့ရကြောင်း၊ သို့သော်အချို့သော မြို့နှင့် အလှမ်းကွာဝေးသည့်နေရာ များတွင် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးကြောင်း တွေ့ရ သော်လည်း တည်ငြိမ်အေးချမ်း ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကိုလည်း စီမံဆောင်ရွက်နေပါ ကြောင်း။

### ဆွေးနွေးနိုင်ရန် ကြိုဆိုနေ

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း၍ ထာဝရ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ် ဆောင်ရွက်လျက် ရှိသော်လည်း အချို့သော လက်နက်ကိုင်အဖွဲ့ အစည်းများမှာ ပူးပေါင်းဆောင်ရွက် လိုမှု မရှိကြောင်း၊ တပ်မတော် အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ပစ်ခတ်ရပ်စဲရေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ သက်တမ်းတိုး ထားကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလ တွင် ငြိမ်းချမ်းရေးအတွက် ကြိုတင် ကန့်သတ်ချက်မထားဘဲ ဆွေးနွေး နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိလာသည့် လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မအား လပ်သည့်ကြားမှ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် လက်ခံ တွေ့ဆုံခဲ့ပါကြောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ဆွေးနွေးရေး ကော်မတီကလည်း လာရောက်ဆွေးနွေးခဲ့သော အဖွဲ့ များနှင့် ဒေသအကျိုး၊ အဖွဲ့အစည်း အကျိုးအတွက် နှစ်ဖက်ပွင့်လင်း မြင်သာစွာ ဆွေးနွေးဆောင်ရွက် ခဲ့ပါကြောင်း၊ လာရောက်ဆွေးနွေး မှုတွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ မပါဝင်သည်ကို စိတ်မကောင်းဖွယ် ရာ တွေ့ရှိရသော်လည်း နိုင်ငံတော် က အမြဲပင်ဆွေးနွေးနိုင်ရန် ကြိုဆို နေပါကြောင်း။

ဘာသာရေး အသင်းတော်များ ကို တွေ့ဆုံချိန် ပြောကြားလိုသည် မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်း ရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ဒေသအလိုက် ဒေသခံ များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တပ်မတော်နှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ဒေသအတွင်း အမြန်ဆုံးပြန်လည် တည်ငြိမ်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာ သည့် ဘာသာရေးအသင်းအဖွဲ့ များမှ ခေါင်းဆောင်များဖြစ်ကြ သည့် ကက်သလစ်သာသနာ အသင်းတော်မှ ဖာသာအောင်ငဲ၊ နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ ဖာသာ အက်ဒွက်စိန်၊ ကယားဖူး နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ ဦးသိန်းရယ်၊ အင်္ဂလီကန်အသင်း တော်မှ ဦးထူးထူးဘော၊ ယေဟော ဝါအသင်းတော်မှ ဦးဆီဗက်စတာ၊ သတ္တမနေ့ ဥပုသ်အသင်းတော်မှ ဦးသိန်းထွဋ်ဝင်းနှင့် ကေ့ထိုးဘိုး ရိုးရာအဖွဲ့မှ ဦးမိရယ်ဖြင့်တို့က ပြည်နယ်အတွင်း လူမှုရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆုတောင်း မေတ္တာစကားများ ပြောကြား သည်။

စာမျက်နှာ ၇ သို့ ■

☆ ရှေ့ဖုံးမှ

စစ်ဆင်ရေးနှင့် လုံခြုံရေး လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် တပ်တွင်း စည်းလုံးညီညွတ်ရေးသည် အရေး ကြီးကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန် အဆင့်ဆင့်သတင်းပို့ စနစ် များ၊ တပ်တွင်းဆန္ဒဖော်ထုတ်မှု စနစ်များရှိပြီးဖြစ်၍ တာဝန်ရှိသူများ က မှန်ကန်စွာပြုလုပ်ခြင်း၊ သတင်း ပို့တင်ပြခြင်းများကို ချက်ချင်း အရေးတယူ ဖြေရှင်းဆောင်ရွက် ပေးခြင်းများ ပြုလုပ်ပေးရန်လို ကြောင်း။

### ဆောင်ရွက်ပေးရန်လို

နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်ထားသည့် ရပိုင်ခွင့်နှင့် သက်သာချောင်ချိမှုများဖြစ်သည့် လစာ၊ စရိတ်၊ ရိက္ခာ၊ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးများကို အရာရှိ၊ စစ်သည်၊ မိသားစုများ အားလုံး အချိန်မီတစ်ပြေးညီ ရရှိ အောင် ဆောင်ရွက်ပေးရန်လို ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများ အနေဖြင့် အထက်မှပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် မိမိတို့၏ မိသားစုရေးရာ တာဝန်ဝတ္တရားများ ကို အပြည့်အဝ လုပ်ကိုင်နိုင်ရန်မှာ ကျန်းမာရေးသည် အရေးကြီး ကြောင်း၊ ထို့ကြောင့် အထက်ဌာန များမှ လမ်းညွှန်ပေးထားသည့် ကျန်းမာရေး ညွှန်ကြားချက်များ နှင့်အညီ နေထိုင်စားသောက်ရန် လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းကြည့်ရှု အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက် ၍ ဆေးရုံတက်ရောက် ဆေးကုသ မှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကြည့်ရှု အားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်း များ ပေးအပ်ခဲ့ကြောင်းနှင့် တာဝန် ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ခရီးစဉ်တွင် လိုက်ပါ လာသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်သည် လွိုင်ကော်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့ ရုံးသို့သွားရောက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သမိုင်းကိုအနှစ်ထုတ်နိုင်ပါမှ နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်နေမှာ .....

**ဒေါက်တာမောင်သင်း**

**“သမိုင်းမသိတဲ့ လူ့အဖွဲ့အစည်းဟာ သမိုင်းတစ်ပတ်လည်ရင် သမိုင်းက ပြန်သတ်တာကို အဲဒီ လူ့အဖွဲ့အစည်း ခံရပါလိမ့်မယ်”**

**အိန္ဒိယပညာရှင်တစ်ဦး**

သမိုင်းဆိုသည်မှာ ရှေးယခင်မျိုးဆက်များ ကြုံခဲ့၊ ဆုံခဲ့၊ မှားခဲ့၊ အောင်မြင်ခဲ့၊ ကျရှုံးခဲ့သည်များကို နောက်လူများ အတုယူ၊ သင်ခန်းစာယူနိုင်အောင် မှတ်တမ်းရေးထိုးခဲ့ခြင်းဖြစ်သည်။ နောက်မျိုးဆက်များက ထိုမှတ်တမ်းကို ဖွင့်ဖတ်နိုင်သည့် အရည်အသွေးရှိရမည်။ ဖတ်ပြီး၊ သိရုံ၊ မှတ်ရုံအဆင့်တွင် ရပ်ထား၍မရပါ။ သမိုင်းပါအချက်အလက်များကို သုံးသပ်ကာ မိမိတစ်ဦးချင်းဘဝနှင့် လူ့အဖွဲ့အစည်း တိုးတက်ရေး အတွက် အသုံးချနိုင်စွမ်းရှိရပေမည်။ သို့မှသာ “မအအောင် (သို့မဟုတ်) အလိမ်မခံရအောင် သမိုင်းသင်တာ” ဆိုသည့် ဆရာကြီးဒေါက်တာ သန်းထွန်း၏အဆိုနှင့် ညီပါလိမ့်မည်။ ကျွန်တော်က တော့ “မအရုံ” နှင့် “အလိမ်မခံရရုံ” လောက်နှင့် မတင်းတိမ်နိုင်ပါ။ သူများထက် “နှာတစ်ဖျားသာချင်လို့” သမိုင်းသင်ရတာပါလို့မြင်မိသည်။ ထို့ထက် ပိုချင်တာကတော့ အထက်ဖော်ပြပါ အိန္ဒိယပညာရှင်ရဲ့အဆိုပါပဲ။ ကျွန်တော်တို့နိုင်ငံသားများ **“သမိုင်းမသိလို့ မြန်မာ့လူ့အဖွဲ့အစည်း အသတ်မခံရရေး”** ဟု မြင်မိသည်။

“ကြည့်သောသူသည်မြင်၏” အင်မတန်ရိုးရှင်းသည့်စကားပါ။ သို့သော် ကြည့်ပုံချင်း၊ မြင်ပုံချင်းမတူ၊ ကြည့်သူ၏ ဉာဏ်ရည်အနိမ့်အမြင့်ပေါ် မူတည်၍ ဓမ္မစက္ခုဖြင့် ကြည့်ခြင်း၊ ပုဂ္ဂလစက္ခုဖြင့်ကြည့်ခြင်းတို့ ကွာခြားသွားကာ မြင်တာခြင်း၊ အမြင်ကို ခံစားနိုင်ခြင်း၊ ရယူအသုံးချခြင်း ကွာခြား၏။ မြန်မာ့သမိုင်းမှ ဒုတိယနိုင်ငံတည် မင်းဖြစ်သည့် ဘုရင့်နောင်ဟု ဆိုလိုက်လျှင် “နောင်ရိုးတိုက်ပွဲဖောင်ဖျက်တာ” ဟုသာ ပြေးမြင်မိကြသည်။ နောင်ရိုးတိုက်ပွဲ၏ရလဒ်တွင် ဘုရင့်နောင်သည် **“အောင်မြင်သူလား” “တန်ဖိုးရှိသူလား”** ဆက်တွေးမြင်ကြည့်ရန်လိုသည်။ နောင်ရိုးတိုက်ပွဲတွင် အဘယ်ကြောင့် ဖောင်ဖျက်ပါသနည်း။ ရှုံး၍ ဖောင်စီးပြီးပြန်ပါက မင်းနေပြည်တော်ရောက်လျှင် ဘုရင်က နိုင်အောင်မတိုက်ခဲ့သဖြင့် သတ်မှာပါပဲ။ တိုက်ပွဲရှုံးရင်လည်း ရန်သူက သတ်မှာပါ။ သေမှာချင်းအတူတူ နိုင်အောင်တိုက်နိုင်ပါမှ အသက်ရှင်မှာမို့ ဖောင်မလို။ အဲဒီစိတ်ဓာတ်ကြောင့် နိုင်အောင်တိုက်ခဲ့သည်။ ထိုအဆင့်မှာ ဘုရင့်နောင်၏ စိတ်ဓာတ်ကို **“အောင်မြင်သူ”** ဟု ပုဂ္ဂလစက္ခုဖြင့် ကြည့်၍မှတ်တမ်းတင်ခဲ့သည်။ ထိုအဆင့်တွင် ရပ်မနေပါ။

တောင်ငူဘုရင် တပင်ရွှေထီး လုပ်ကြံခံရ၍ တိုင်းပြည်မငြိမ်သက်မှုဖြစ်နေသဖြင့် နိုင်ငံအနှံ့ နှိမ်နင်းသိမ်းသွင်းရသည်။ နောက်ဆုံးသိမ်းသွင်းရန် ဆင်စီးတိုက်ပွဲဝင်နေစဉ် တစ်ဖက်ခေါင်းဆောင်က ဆင်ကိုချွန်းဖွင့်၍ သူ့ထံလာနေသည်ကို မြင်သောအခါ ဘုရင့်နောင်သည် ခရားတွင်းမှ ရေကို သွန်းလောင်း၍ **“ပြည်သူ့အကျိုး၊ အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်သူဖြစ်ပါက သည်တိုက်ပွဲမှာ နိုင်ရပါလို၏”** ဟုသစ္စာပြုသည်။ တိုက်သည်၊ နိုင်သည်၊ သူ့အသက် ကိုယ့်အသက်လု၍ တိုက်ပွဲဝင်နေရသည့်အချိန်မှာပင် “ပြည်သူနှင့် အများအကျိုး၊ သာသနာ့အကျိုး” သယ်ပိုးရန် တိုက်ပွဲဝင်ရခြင်းဖြစ်သည်ဟူသည့် ဘုရင့်နောင်၏ မြင့်မြတ်သည့် စိတ်ထားနှင့် ခံယူချက်ကို မြင်အောင် ကြည့်နိုင်ပါမှ ဘုရင့်နောင်သည် အောင်မြင်သူတို့၏ ထိပ်က **“တန်ဖိုးမြင့်လူသား”** အဖြစ် မြင်နိုင်ပေမည်။

**“သူဘုရင်ဖြစ်ရေးသည် သူ၏ပန်းတိုင်မဟုတ်၊ ပြည်သူ့အကျိုး၊ အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးရေးဟူသည်သာ ဘုရင့်နောင်၏ အန္တိမ ရည်မှန်းချက်ဖြစ်ကြောင်း”** ဓမ္မအမြင်ဖြင့်ကြည့်က မြင်နိုင်၏။ ပုဂ္ဂလအမြင်ဖြင့်ကြည့်လျှင် ဘုရင့်နောင်ကို အောင်မြင်သူအဖြစ်လောက်သာ မြင်ပေလိမ့်မည်။ ယနေ့နိုင်ငံရေးပါတီများ အာဏာရရေးက အဓိကလား၊ နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးရေးက ပန်းတိုင်လား၊ ဓမ္မစက္ခုဖြင့်သာ ကြည့်ကြကာ ဘုရင့်နောင်၏ သမိုင်းအနှစ်ကို အတုယူကြစေချင်သည်။ တန်ဖိုးမြင့်လူသား၏ရလဒ်က “ယနေ့တိုင် မြန်မာ့ပညာရေးကျောင်းတိုင်း၏ ကျောင်းကောင်စီ အသင်းများတွင် “ဘုရင့်နောင်အသင်း” ပါဝင်ခဲ့ပေသည်။ သို့သော် ဘုရင့်နောင်၏ **“ငါဘုရင်ဖြစ်ရေးသည် သာမည၊ အများအကျိုးသယ်ပိုးရေးသာ အဓိက”** ဆိုသည်ကို သင်ပြနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ကျောင်းများတွင် မဖြစ်မနေသင်ကြားပေးရန် လိုအပ်ပါပြီ။

> **သူ့အသက် ကိုယ့်အသက်လု၍ တိုက်ပွဲဝင်နေရသည့်အချိန်မှာပင် “ပြည်သူနှင့် အများအကျိုး၊ သာသနာ့အကျိုး” သယ်ပိုးရန် တိုက်ပွဲဝင်ရခြင်းဖြစ်သည်ဟူသည့် ဘုရင့်နောင်၏ မြင့်မြတ်သည့်စိတ်ထားနှင့် ခံယူချက်ကို မြင်အောင်ကြည့်နိုင်ပါမှ ဘုရင့်နောင်သည် အောင်မြင်သူတို့၏ထိပ်က “တန်ဖိုးမြင့်လူသား”အဖြစ် မြင်နိုင်ပေမည်**
>
> **“သူဘုရင်ဖြစ်ရေးသည် သူ၏ပန်းတိုင်မဟုတ်၊ ပြည်သူ့အကျိုး၊ အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးရေးဟူသည်သာ ဘုရင့်နောင်၏ အန္တိမရည်မှန်းချက်ဖြစ်ကြောင်း” ဓမ္မအမြင်ဖြင့်ကြည့်က မြင်နိုင်၏။ ပုဂ္ဂလအမြင်ဖြင့်ကြည့်လျှင် ဘုရင့်နောင်ကို အောင်မြင်သူအဖြစ်လောက်သာ မြင်ပေလိမ့်မည်။ ယနေ့နိုင်ငံရေးပါတီများ အာဏာရရေးက အဓိကလား၊ နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးရေးက ပန်းတိုင်လား၊ ဓမ္မစက္ခုဖြင့်သာ ကြည့်ကြကာ ဘုရင့်နောင်၏ သမိုင်းအနှစ်ကို အတုယူကြစေချင်**

## အရှက်တရား လုံခြုံရေးက “အနှစ်”

ငယ်ငယ်က လူကြီးသူမများဆုံးမသည်များ၊ ပြောသည်များကို အမြဲကြားနေခဲ့ရသည်။ “အပေါ်ပိုင်းက ခေါင်းပေါင်း၊ တိုက်ပုံနှင့် အောက်ပိုင်းက ပုဆိုးမပါ” တော့မဖြစ်စေနှင့် ဟူ၍ဖြစ်သည်။ အမှန်မှာမူ ဝတ်စားဆင်ယင်မှု၏အနှစ်သာရသည် “အရှက်တရားလုံခြုံရေး”ပါ။ လူကမမြင်သင့်၊ မမြင်အပ်သည့် အရာကို အခြားသူမမြင်အောင် ဖုံးအုပ်ကာကွယ်ထား၏။ ဝတ်စားဆင်ယင်မှု၏အနှစ်သာရသည် မမြင်သင့်သည့်အရာ ဖုံးအုပ်ရမည့်နေရာ လုံခြုံရန်ဖြစ်သည်။ အမျိုးသားများအတွက် မဆောင်းလျှင်လည်းရသည့် ခေါင်းပေါင်း ပေါင်းထားပြီး ခန့်ဖို့၊ တိုက်ပုံနှင့် ခန့်ညားနေပြီး ဖုံးသင့်သည့်အောက်ပိုင်းနေရာကို မဝတ်ဘဲထားခြင်းသည် အဝတ်ဝတ်ခြင်း၏ အနှစ်သာရပျောက်ကင်းနေခြင်းပင်။

တိရစ္ဆာန်ကား အရှက်တရားမရှိ၊ မြင်သင့်၊ မမြင်သင့်ကိုမသိ၍ မဖုံးအုပ်၊ ဖုံးအုပ်ကို မသိ။ အရှက်တရားကို လုံခြုံရေးအတွက် ဝတ်စားမှုတွင် မျက်စိပသာဒ တင့်တယ်စေရန် လှလှပပပြင်ကြ၊ ဆင်ကြသည်။ ကြည့်ပျော်ရှုပျော်ဖြစ်အောင် ဝတ်ဆင်ကြသည်။ ဝတ်စားမှု၌ လှပအောင်ပြင်ခြင်းသည် အကာဖြစ်၏။ ထိုသို့ပြုပြင်ဝတ်ဆင်ရာမှ ဦးစားပေးမှု အစွန်းရောက်လာပြီး ကိုယ့်အရှက်လုံမှုအတွက် အဝတ်ဝတ်ခြင်းဟု ဆိုအပ်သည့် အနှစ်သာရဦးစားပေးမှုကို ယူဆသည့် သဏ္ဌာန်ပြောင်းလဲလာကာ ကြည့်သူအကြိုက်၊ လူကြိုက်များသည့် “အရှက်မလုံမှု” က အရေးပါလာသည့်သယောင် လွှမ်းမိုးလာသောအခါ လူ့ယဉ်ကျေးမှုသည် ကျဆင်းလာတော့သည်။ လူသားဉာဏ်ရည်သည် “အနှစ်” နှင့် “အကာ” ခွဲခြားနိုင်မှု အားနည်းလာပါက လူ့အသိဉာဏ်မှသည် တိရစ္ဆာန်အသိအဆင့်ဆီသို့ လျှောကျကုန်ခြင်းဟု မြင်မိပါတော့သည်။

## ခေတ်တိုင်း၏ ရောဂါမှိုင်းဆိုသည်မှာ “အကာ”

အလယ်ခေတ်၌ ဥရောပတွင် ပညာတတ်များ၊ ပညာရှိဆိုသူများသည် မုတ်ဆိတ်မွေးအရှည်ထားကြသည်။ တစ်ခါတွင် နိုင်ငံ့ဘုရင်တစ်ပါးက အိမ်နီးချင်းဘုရင်တစ်ပါးထံ သူ့နိုင်ငံက ပြဿနာတစ်ခုကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် “ကဝိတစ်ဦး” စေလွှတ်ပေးပါရန် မေတ္တာရပ်ခံသဖြင့် စေလွှတ်ပေးခဲ့ရာ တောင်းခံသူဘုရင်က လက်မခံဘဲ ပြန်လွှတ်လိုက်လေသည်။ အကြောင်းပြချက်က ပညာရှိဆိုသူမှာ မုတ်ဆိတ်မပါ၍ဟူ၏။ ထိုအခါ စေလွှတ်သူရှင်ဘုရင်က ပြန်ကြားသည်မှာ “အဆွေတော်က ပညာရှိလို၍ လူကဝိကို စေလွှတ်ခြင်းပါ။ မုတ်ဆိတ်လိုပါက ဆိတ်တစ်ကောင် ပေးပို့ပါမည်” ဟုပြန်ကြားလိုက်သည်ဟူ၏။ ကျွန်တော်တို့ဆီက အများမိုးခါးရေသောက်၍ လိုက်သောက်ရသည့် **“အနှစ်မဲ့ကာလ ရောဂါမှိုင်း”** ကဖုံးထားသဖြင့် အကာနှင့် အနှစ်၏ ခွဲခြားနိုင်မှုကိုပင် တချို့အဆင့်အတန်းမြင့်သူဟု သတ်မှတ်ခံထားရသူများအထိတိုင် ကင်းမဲ့ခဲ့ကြောင်းပြဆိုခဲ့ခြင်းသမိုင်းဖြစ်ရပ်ပင်။

## မြန်မာပြည်ကွန်မြူနစ်ပါတီကပေးသည့် သင်ခန်းစာ

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု အပြင်းထန်ဆုံးအချိန်တွင် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများအားလုံး စည်းလုံးခဲ့ ညီညွတ်ခဲ့ကြသည်။ အောင်ဆန်း-အက်တလီနှင့် နု-အက်တလီ စာချုပ်ပြီးလျှင် မြန်မာပြည်လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်က ညီညွတ်ရေးအဖွဲ့ဝင် ကွန်မြူနစ်အားလုံး တောခိုခဲ့ကြသည်။ တိုက်ယူသည့် လွတ်လပ်ရေးမဟုတ်သောကြောင့်ဟုဆို၏။ လွတ်လပ်ရေးကို အသိအမှတ်မပြုခဲ့။ ၁၉၅၅ ခုနှစ်မှာ ရုရှားနိုင်ငံခေါင်းဆောင်များဖြစ်ကြသည့် ဘူဂါနင်နှင့် ခရုးရှက်တို့ မြန်မာပြည်လာလည်မှပင် “တို့နိုင်ငံက ကွန်မြူနစ်တွေကသာ အသိအမှတ်မပြုတာ ကမ္ဘာ့ကွန်မြူနစ်ကြီးကတော့ အသိအမှတ်ပြုလို့လာလည်သွားပြီ”ဟု မြန်မာ့ပထမဆုံးဝန်ကြီးချုပ် ဦးနုက မှတ်ချက်ပြုသည်။ ၁၉၆၃ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖိတ်ခေါ်ကျင်းပရာတွင် တောတွင်းမြန်မာပြည် ကွန်မြူနစ်ပါတီအဖွဲ့များက “နိုင်ငံကို ကွန်မြူနစ်ဝါဒ” ဖြင့်သာ သွားချင်သည့်ဆန္ဒကို တင်းခံနေခဲ့၍ ငြိမ်းချမ်းရေးမရခဲ့ခြင်းပင်။ နောက်ဆုံးတွင် ပဲခူးရိုးမ မြယာတောမှသည် ရှမ်းမြောက်သို့ရောက်ကာ ပျောက်ကွယ်သွားကြသည်။

အမှန်တွင် မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် ဝါဒကျမ်းကျေသူများ၊ မိမိယုံကြည်ရာနောက်ကို မမှိတ်မသုန်လိုက်ကြသူများ၊ စူးစမ်းလေ့လာမှုကြီးကြသူများ၊ မျိုးချစ်စိတ်ပြင်းပြသူ၊ နိုင်ငံကိုနယ်ချဲ့လက်အောက် လွတ်မြောက်လိုသူ၊ သူ့ကျွန်မခံလိုသူများဖြစ်ကြသည်။ အရည်အချင်းရှိကြသည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်၊ သခင်ဇင်၊ ဗိုလ်ဇေယျစသည့် မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တို့သည် မြန်မာ့လူတော်စာရင်းဝင်များဖြစ်ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့ဆုံးကပါဝင်ခဲ့သည်။ သို့သော် သူတို့သည် **“နိုင်ငံတော်၏ မူလအခြေခံအမျိုးသား အကျိုးစီးပွားထက် သူတို့၏ဝါဒကို ကိုးကွယ်မှုလွန်ကဲကြသူများ”** ဖြစ်သွားကြသည်။ တစ်ဦးချင်းအရည်အသွေးတော်သော်လည်း နိုင်ငံအတွက် မကောင်းခဲ့သူများဖြစ်သွားသဖြင့် ဇာတ်သိမ်းမလှသူများအဖြစ် သမိုင်းတွင် မှတ်တမ်းတင်ခြင်းကို ခံကြရရှာ၏။

မြန်မာမှုဝန်းကျင်က **“အယူတိမ်း၍ နတ်စိမ်းဖြစ်သွားကြသူများ”** ဟူသည့်စကားနှင့် ဥပမာနှိုင်းလျှင် ရနိုင်မည်ဟုထင်သည်။ ကွန်မြူနစ်ခေါင်းဆောင်များ မေ့နေကြသည့်အချက်မှာ **“ဝါဒကြောင့်နိုင်ငံတော်နှင့် ပြည်သူအထိမနာစေရ” “ဝါဒသည် နိုင်ငံတော်အတွက်အထောက်အပံ့ဖြစ်စေရမည်” “ဝါဒသည် နိုင်ငံတော်နှင့် ပြည်သူကို ဖျက်ဆီးရန်မဟုတ်”** ဆိုသည့် အချက်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ သူတို့ဖက်တွယ်ထားသည့်ဝါဒသည် “နိုင်ငံတော်တွင် အချုပ်အခြာတည်တံ့နေမှုကို မထိပါးရ”၊ “ပြည်သူ့ဘဝ အေးချမ်းမှု၊ ဖွံ့ဖြိုးမှုကို ပျက်ပြားအောင် မပြုမူအပ်ပေဆိုသည့် အနှစ်သာရဆီသို့ မရောက်ခဲ့ပေ။ သို့သော် မိမိတို့ဝါဒသည် လောကနိဗ္ဗာန်ဟု စွဲနေသောအစွဲကို သူတို့မဖျောက်နိုင်ခဲ့။ ထိုအကာစွဲကြောင့် နိုင်ငံတည်ဆောက်ရေးအစား အတ္တစွဲဝါဒကို အကြောင်းပြု၍ အာဏာ ဖက်တွယ်နိုင်ရန်အတွက် တည်ဆဲအစိုးရအဆက်ဆက်ကို ဆန့်ကျင်ခဲ့သည်။ အဖျက်လုပ်ငန်းများ လုပ်ခဲ့သည်။ လုပ်ရင်း ကွန်မြူနစ်ပါတီလည်း နစ်မြုပ်သွားခဲ့သည်။

မြန်မာ့နိုင်ငံရေး ပင်လယ်ပြင်ထဲတွင် “ဆင်သေကောင်မြဲသည်ဟုထင်သည့်ဝါဒ” မြုပ်သွားသည့်အခါ တစ်သက်လုံးစားမကုန်ဟု ထင်မှတ်ထားသည့် “ဝါဒစွဲကိုင်သူ” တို့လည်း ပျံ့ရင်းသာသေသွားကြသည်။ ကမ်းခြေသို့မရောက်ခဲ့ကြပေ။ သူတို့သာ မဟုတ် ယနေ့၌ ကွန်မြူနစ်ဝါဒကျင့်သုံးခဲ့သည့် နိုင်ငံအားလုံးတွင် အဆိုပါဝါဒကို ကျင့်သုံးခြင်းမရှိတော့ပေ။ လမ်းကြောင်းပြောင်း၍ မိမိနိုင်ငံနှင့် သင့်တော်ရာစနစ်ဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြပေပြီ။

**စာမျက်နှာ ၇ သို့** ❄

■ စာမျက်နှာ ၅ မှ

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် ယာယီနေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဒေသတည်ငြိမ်အေးချမ်းမှု မဖြစ်မနေ လိုအပ်ပြီး လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်မှုတွင် ဒေသခံပြည်သူများသည် ဆင်းရဲဒုက္ခများစွာ ကျရောက်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းရန် ဒေသခံပြည်သူများ အနေဖြင့် ပူးပေါင်းပါဝင်ပေးရန် လိုကြောင်း၊ အလားတူ ဘာသာရေးအဖွဲ့အစည်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ တည်ငြိမ်အေးချမ်းသော ဒေသများတွင် ပဋိပက္ခမရှိလျှင် နေရပ်စွန့်ခွာသူများမရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ် အေးချမ်းရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းပေးရန် ပြောကြားလိုကြောင်း။

ဘာသာရေးအဖွဲ့အစည်းများ၏ ဘာသာရေး၊ လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ သံသယရှိစရာ အကြောင်းမရှိပါကြောင်း၊ သို့သော် ဖြောင့်မတ်မှန်ကန်စွာ လုပ်ကိုင်ရန်လိုကြောင်း၊ ယေရှုဘုရားသခင်၏ကျေးဇူးတော်၊ မေတ္တာတော်နှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို အားပေးကြောင်း၊ မှန်ကန်သော နည်းလမ်းနှင့် အထောက်အပံ့ပေးမှု ရည်ရွယ်ပါကလည်း သက်ဆိုင်ရာမှ ဌာနဆိုင်ရာများကိုအသိပေးလုပ်ဆောင်ရန်လိုကြောင်း၊ အချို့ မသမာသူများက ဘာသာရေးကို အသုံးချ၍ ဥပဒေမဲ့ လုပ်ရပ်များ လုပ်ဆောင်လျက်ရှိနေသဖြင့်လည်း လိုအပ်သလို စိစစ်ရခြင်းဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်လို**

တပ်မတော်သားများအနေဖြင့် ROE , Geneva Convention တို့ကို သိရှိလိုက်နာဆောင်ရွက်ရကြောင်း၊ ဘာသာရေး အဆောက်အအုံများနှင့် ပတ်သက်ပြီး အလေးထား၍ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်နက်ကိုင် အကြမ်းဖက်သမားများ အနေဖြင့် ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများကို အသုံးချကာ အကာအကွယ် ရယူတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသဖြင့် မိမိကိုယ်ကို ခုခံကာကွယ်မှုအရ တုံ့ပြန်ပစ်ခတ်ရမှုများလည်း ရှိကြောင်း၊ ပြည်သူ၊ ဘာသာရေးအသင်းအဖွဲ့၊ ပြည်နယ် အစိုးရအဖွဲ့နှင့် တပ်မတော်တို့အနေဖြင့် ပူးပေါင်း၍ လက်နက်ကိုင် အကြမ်းဖက်သမားများ မရှိအောင် ထာဝရတည်ငြိမ် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းခဲ့ချိန် ရရှိခံစားရသည့် အေးချမ်းသာယာသော အနှစ်သာရကို တန်ဖိုးထား၍ ကယားပြည်နယ် အမြန်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်အေးချမ်းရန် ကယားပြည်နယ်အတွင်းရှိပြည်သူများ အားလုံးတွင် တာဝန်ရှိပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်တို့က တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်တစ်ဦးအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

❊ စာမျက်နှာ ၆ မှ

ဝါဒသည်မြဲသည့်သဘော မဟုတ်ကြောင်းကို သမိုင်းသက်သေဖြစ်ကြောင်း ယနေ့မျိုးဆက်များ၊ အထူးသဖြင့် နိုင်ငံရေးသမားမျိုးဆက်များမြင်အောင် ဓမ္မစက္ခုဖြင့် ကြည့်ကြစေချင်သည်။

**ဒီမိုကရေစီသည် "ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းရေးအတွက်ပါ"**

မြန်မာ့မြေပေါ်မှ နိုင်ငံရေးဇာတ်ခုံပေါ်တွင် "ကွန်မြူနစ်ဇာတ်ပွဲ" ကခဲ့ပြီးပါပြီ။ ဖွံ့ဖြိုးမှုဆီ ဦးမတည်ခဲ့ပါ။ ဖွံ့ဖြိုးမှုနှေးအောင် ပျက်စီးအောင်နှင့် အချုပ်အခြာအာဏာ ပျက်သုဉ်းအောင်ဆိုသည့် ဇာတ်ညွှန်းအတိုင်း ကပြခဲ့သည်။ ဇာတ်ညွှန်းရေးသူမည်သူဆိုသည်ကိုသိနိုင်ရန် ခက်ခက်ခဲခဲရှာဖွေရန်လိုမည်မထင်ပေ။ ထိုကဇာတ်သမားများထဲတွင် အမည်ထူးများပါနေ၏။ အဓိကဇာတ်ဆောင်အဖြစ် သရုပ်ဆောင်၏။ ထိုဇာတ်ပွဲကြီးကြောင့် ပြည်သူများ မငြိမ်းချမ်းခဲ့။ ပါဝင်ကပြသူများလည်း ပျက်သုဉ်းခဲ့သည်။ မြန်မာ့မြေပေါ်မှ ဤဖြစ်စဉ်သမိုင်းသည် **"မေ့ပျောက်၍ ရကောင်းရနိုင်ပေမည်၊ သို့သော်ဖျက်မရသည့် သမိုင်းစစ်၊ သမိုင်းမှန်"** ပင်ဖြစ်ပေသည်။ သိပ်မကြာလှသေးပါ။ လွန်ခဲ့သည့် နှစ် ၅၀ ဝန်းကျင်ကပါ။

ယခုအခါ မြန်မာ့မြေပေါ်သို့ "ဒီမိုကရေစီ"၊ "လူ့အခွင့်အရေး"၊ "လစ်ဘရယ်"ဟူ၍ ကြွေးကြော်နေကြပြန်သည်။ ယင်းဝါဒကျင့်စဉ်နှင့် အခွင့်အရေးတို့ကို ကွန်မြူနစ်ဝါဒကဲ့သို့ လောကနိဗ္ဗာန်ဟု အထင်ရောက်အောင် ကြွေးကြော်လုပ်ဆောင်ခဲ့၏။ ထိုမှိုင်းလုံးသံအောက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးအောင်၊ ယိုင်နဲ့အောင်ကြံစည်၏။ နိုင်ငံတော်နှင့် ပြည်သူ မတည်ငြိမ်အောင် လုပ်ဆောင်၏။ ပြည်သူအချင်းချင်းသွေးကွဲအောင်ပြု၏။ ကွန်မြူနစ်ဝါဒကို ကိုးကွယ်သူတို့ အသက်နှင့်ရင်း၍ ရေးခဲ့သည့်သမိုင်းကို ဒီမိုကရေစီကြွေးကြော်သူတို့ မလေ့လာခဲ့။ ထို့အတူ ယနေ့အာရပ်နိုင်ငံများဖြစ်သည့် အီရတ်၊ လစ်ဗျားနိုင်ငံတို့၏ ဒီမိုကရေစီမှိုင်းအောက်တွင် လူ့အဖွဲ့အစည်းပျက်သုဉ်းသွားမှုကို သင်ခန်းစာမယူနိုင်ခဲ့ပေ။ "သမိုင်းမသိသူနှင့် မသိသည့် အဲဒီလူ့အဖွဲ့အစည်းဟာ သမိုင်းတစ်ပတ်လည်ရင် သမိုင်းက သတ်တာခံရလိမ့်မည်" ဆိုသည်ကို ပညာရှင်များ ပြောခဲ့သည်မှာ ကြာခဲ့ပါပြီ။ ကျွန်တော်တို့ နိုင်ငံသမိုင်း "အ" ၏ တစ်ပတ်လည်ကာ နိုင်ငံအသတ်မခံနိုင်ပါ။ ကွန်မြူနစ်ဝါဒသည် နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် သယ်ပိုးရမည့်အစား ဝါဒဇန်းပြ၍ နိုင်ငံယိုင်နဲ့အောင် လှုပ်ခဲ့သည်။

ပြည်သူ မငြိမ်းချမ်းအောင်ပြုသလိုမျိုး ယခုလည်း "ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လစ်ဘရယ်" ဆိုသည့် "သူများယောင်လို့ယောင်၊ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ" လိုက်၍ အော်နေကြသည်။ ပြည်ပဇာတ်ညွှန်းရေးသူ၏ **"ဒီမိုကရေစီအရောင်ပြ နိုင်ငံပျက်သုဉ်းရေး"** ရည်ရွယ်ချက်ကို သူတို့မသိ။ အော်ရင်း မအော်သူတို့ကို အသက်ရန်ရှာ၏။ သွေးထွက်သံယိုဖြစ်အောင် ပြုကြ၏။ လူ့အဖွဲ့အစည်းအတွင်း သွေးခွဲ၏။ လူ့အဖွဲ့အစည်း မငြိမ်းချမ်းအောင်ပြု၏။ ငြိမ်းချမ်းမှုအတွက် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးရမည့်အစား ယင်းကို ဇန်းပြပြီး နိုင်ငံအချုပ်အခြာအာဏာ ပျက်သုဉ်းအောင် ပြည်သူနစ်နာအောင် ပြုလုပ်နေခြင်းသည် ဓမ္မစက္ခုအမြင်ကင်း၍ ပုဂ္ဂလိက၊ အတ္တအမြင်ကျဉ်းကျဉ်းဖြင့် ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်မိသည်။

**နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်မှုသာအဓိက**

အမှန်မှာ "ဒီမိုကရေစီ" ကျင့်စဉ်၏ အနှစ်သာရသည် လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နောင်တွင်လည်း အသစ်အသစ်သောဝါဒ၊ ကျင့်စဉ်၊ အခွင့်အရေးများ ဆက်ကာဆက်ကာပေါ်ပေါက်နေဦးမည်။ ထိုမရိုးနိုင်သည့် အသစ်အသစ်တို့အား ကျွန်တော်တို့နိုင်ငံတွင် ကျင့်သုံးကြတော့မည်ဆိုလျှင် ဝါဒတို့၊ ကျင့်စဉ်တို့သည် မမြဲကြောင်းနှင့် ထာဝရတည်မြဲနေသည်က **"နိုင်ငံတစ်ခု၏မူလအခြေခံအမျိုးသားပကတိတရားများ"** ဖြစ်ကြသည်ဆိုသည်ကို ဓမ္မစက္ခုဖြင့် အရင်မြင်အောင်ကြည့်တတ်၊ ရှုမြင်တတ်ရပေမည်။ ယင်းပကတိတရားများမှာ–

(က) နိုင်ငံ့နယ်နိမိတ်၊
(ခ) အချုပ်အခြာအာဏာနှင့် လွတ်လပ်မှု၊
(ဂ) နိုင်ငံသားများ၏ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊
(ဃ) နိုင်ငံသားများနှင့် တိုင်းရင်းသားများ၏ စည်းလုံးမှုတန်ဖိုး၊
(င) ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စရိုက်လက္ခဏာများဖြစ်ပေသည်။ ဝါဒနှင့်ကျင့်စဉ်များကြောင့် မူလပကတိတရားများကို လုံးဝမထိခိုက်ရ၊ မပွန်းမပဲ့စေရပါ။ မူလအခြေခံအမျိုးသားပကတိတရားတွင် ရှင်သန်မှုကို မဖျက်ဆီးအပ်ပေ။ လူ့သမိုင်းတွင်ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်နှင့် လစ်ဘရယ်ဟုဆိုအပ်သည့် ဝါဒအသီးသီးကိုလည်းကောင်း၊ ဒီမိုကရေစီကဲ့သို့ ကျင့်စဉ်တို့သည်လည်းကောင်း နိုင်ငံတစ်နိုင်ငံက လက်ခံကျင့်သုံးမည်ဆိုပါလျှင် အထက်ဖော်ပြပါ **"နိုင်ငံ၏ မူလအခြေခံအမျိုးသား ပကတိတရားများဖွံ့ဖြိုးမှု"** မူဘောင်အတွင်းမှနေ၍ အဆိုပါပကတိတရားများ ပိုမိုထွန်းတောက်စေရန်သာ ဖြစ်ရမည်။ ဝါဒများနှင့် ကျင့်စဉ်များသည် လူတစ်စု၊ အဖွဲ့တစ်ဖွဲ့ အာဏာစိုးမိုးရေးအတွက် လက်ကိုင်တုတ်အဖြစ် အသုံးပြုရန် မဟုတ်သည်ကို အထူးသတိပြုရမည်။

လူ့အဖွဲ့အစည်းငြိမ်းချမ်းရန်ဟု ပေါ်ပေါက်လာသည့် ဝါဒနှင့်ကျင့်စဉ်အသီးသီးသည် လူ့အဖွဲ့အစည်းပျက်သုဉ်းရန် မငြိမ်းချမ်းရန် လုံးဝမဖြစ်စေရပါ။ **"အနှစ်" နှင့် "အကာ"** ကွဲကွဲပြားပြားမြင်အောင် ကြည့်သင့်ပါပြီ။ ဉာဏ်ရည်နိမ့်လျှင် အနှစ်၊ အကာ မကွဲပြားပေ။ ဉာဏ်ရည်မြင့်မြင့်ဖြင့် ကြည့်ကြစေချင်သည်။ မြင့်မားသည့်ဉာဏ်ရည်ရှိမှ ဓမ္မစက္ခုဖြင့် ကြည့်နိုင်ပေမည်။ သို့မှသာ **"ဘုရင့်နောင်၏ ဘုရင်ဖြစ်ဖို့ အဓိကမဟုတ်၊ အများအကျိုး၊ ပရဟိတအကျိုးသယ်ပိုးမှုသာ ပန်းတိုင်ဆိုသည့်စံ"** ကို မြင်ပါလိမ့်မည်။ ထို "စံ" ကို လက်ကိုင်ပြုပါမှ ငြိမ်းချမ်းမှုအတွက် အသုံးပြုပေလိမ့်မည်။

ပုဂ္ဂလစက္ခုဖြင့် ကြည့်လျှင် ငါတို့ဒီမိုကရေစီအစွဲသာ အမှန်ဟု မြင်ပေလိမ့်မည်။ ထိုအတ္တစွဲသည် "ဒီမိုကရေစီ" ကို အာဏာစွဲကိုင်ရေးလက်ကိုင်တုတ်အဖြစ် အသုံးပြုသည်အထိ ဉာဏ်ရည်နိမ့်ကျသွားကြောင်း ယနေ့မြန်မာ့သမိုင်းက သက်သေခံနေပေသည်။ သို့ဖြစ်၍ ဉာဏ်ရည်မြင့်ချင်လျှင် သမိုင်းသင်ပါ။ သမိုင်းကို သင်ရုံတင်မရသေးပါ။ သိရုံအဆင့်မှာ ရပ်ထားလည်း အချည်းနှီးပင်တည်း။ သမိုင်း၏အနှစ်တန်ဖိုးကိုမြင်အောင် ဓမ္မစက္ခုဖြင့် ကြည့်၍ ထုတ်တတ်ရမည်။ သင်ခန်းစာယူပါ။ သမိုင်းအနှစ်ကို လူ့အဖွဲ့အစည်းနှင့် နိုင်ငံ့ကောင်းကျိုးအတွက် လက်တွေ့အသုံးချနိုင်ပါမှ သမိုင်းလေ့လာရကျိုးနပ်မည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

■

> "ယခုအခါ မြန်မာ့မြေပေါ်သို့ "ဒီမိုကရေစီ"၊ "လူ့အခွင့်အရေး"၊ "လစ်ဘရယ်"ဟူ၍ ကြွေးကြော်နေကြပြန်သည်။ ယင်းဝါဒကျင့်စဉ်နှင့် အခွင့်အရေးတို့ကို ကွန်မြူနစ်ဝါဒကဲ့သို့ လောကနိဗ္ဗာန်ဟု အထင်ရောက်အောင် ကြွေးကြော်လုပ်ဆောင်ခဲ့၏။ ထိုမှိုင်းလုံးသံအောက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးအောင်၊ ယိုင်နဲ့အောင်ကြံစည်၏။ နိုင်ငံတော်နှင့် ပြည်သူ မတည်ငြိမ်အောင် လုပ်ဆောင်၏။ ပြည်သူအချင်းချင်းသွေးကွဲအောင်ပြု၏။ ကွန်မြူနစ်ဝါဒကို ကိုးကွယ်သူတို့ အသက်နှင့်ရင်း၍ ရေးခဲ့သည့် သမိုင်းကို ဒီမိုကရေစီကြွေးကြော်သူတို့မလေ့လာခဲ့။ ထို့အတူ ယနေ့ အာရပ်နိုင်ငံများဖြစ်သည့် အီရတ်၊ လစ်ဗျားနိုင်ငံတို့၏ ဒီမိုကရေစီမှိုင်းအောက်တွင် လူ့အဖွဲ့အစည်းပျက်သုဉ်းသွားမှုကို သင်ခန်းစာမယူနိုင်ခဲ့"

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စာစစ်ဌာနများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ အလယ်စုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)စာစစ်ဌာန၊ ရွာဟောင်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း စာစစ်ဌာနနှင့် စံပြရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ကျောင်းသား ကျောင်းသူများ၏ သိပ္ပံဘာသာတွဲ ဇီဝဗေဒဘာသာရပ်နှင့် ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ထိုသို့အားပေးကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲကြီးကြပ်ရေးမှူးများနှင့် တာဝန်ကျဆရာဆရာမများအနေဖြင့် မိမိတို့ကျရာ တာဝန်အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုစဉ်အတွင်း စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် စာသင်ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် စာသင်ဆောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ လိုအပ်သည့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို လာမည့်ကျောင်းဖွင့်ချိန်မတိုင်မီ ဆောင်ရွက်ထားကြရန်မှာကြားပြီး အဆိုပါကျောင်းများရှိ စာသင်ဆောင်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ်တွင် ခရိုင် ခုနစ်ခု၊ မြို့နယ် ၁၇ မြို့နယ်ရှိစာစစ်ဌာနများတွင် ဆဋ္ဌမနေ့ သိပ္ပံဘာသာတွဲ ဇီဝဗေဒဘာသာရပ်အား စာမေးပွဲဖြေဆိုရန် ၂၂၁၄ ဦး စာရင်းပေးသွင်းကြပြီး ၁၈၉၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၄၁ ရာခိုင်နှုန်းဖြစ်၍ ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒဘာသာရပ်အား စာမေးပွဲဖြေဆိုရန် ၁၆၆၇၁ ဦး စာရင်းပေးသွင်းကြပြီး ၁၄၅၆၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၃၄ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ပုသိမ် မတ် ၁၅

ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် ပုသိမ်တက္ကသိုလ် အဝင်မုခ်ဦးမှ ငါးအောက်ချောင်းအထိ အလျားပေ ၆၁၀၊ အကျယ် ရှစ်ပေအား ကွန်ကရစ်ခင်းခြင်း၊ ရောင်စုံအုတ်များခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်အား ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ်အဝင်မုခ်ဦးမှ ငါးအောက်ချောင်းအထိ အလျားပေ ၆၁၀၊ အကျယ် ရှစ်ပေအား ကွန်ကရစ်ခင်းခြင်း၊ ရောင်စုံအုတ်များခင်းခြင်းနှင့် လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျနှင့် အချိန်မီပြီးစီးစေရေး၊ ပုသိမ်တက္ကသိုလ်မုခ်ဦးရှေ့မှ အင်ကြင်းဆောင်ရှေ့အထိ အလျားပေ ၁၇၀၀၊ အကျယ် ရှစ်ပေ ကွန်ကရစ် လူသွားလမ်းအား ရေရှည်ခိုင်ခံ့စေရေးနှင့် ပန်းအလှပင်များနှင့် မြက်ပင်များ စိုက်ပျိုးနေမှုများ သန့်ရှင်းသပ်ရပ်စွာ စနစ်တကျစိုက်ပျိုးထားရှိရေးနှင့် စိမ်းလန်းသာယာမှု ရှိစေရေးတို့အား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသူတစ်ဦး၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ အပတ်စဉ်ဗုဒ္ဓဟူးနေ့များတွင် အရိုး၊ အကြော၊ အဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး၊ ခွဲစိတ်နှင့် မျက်စိပြင်ပလူနာများအား အထူးကုဆရာဝန်ကြီးများက ကြည့်ရှုစစ်ဆေးကုသပေးနေမှု၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄) စစ်မြေပြင်ဆေးတပ်ရင်းတွင် ဆေးရုံတက်ရောက်ကုသ၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသားတစ်ဦးနှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်အား ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

# အုတ်ဖိုမြို့နယ်ရှိ စာစစ်ဌာနများအား တာဝန်ရှိသူများ လှည့်လည်ကြည့်ရှု

အုတ်ဖို မတ် ၁၅

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပလျက်ရှိသည့် စာစစ်ဌာနများအား ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ယုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် အထက(အုတ်ဖို)စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် အထက အေးမြသာယာစာစစ်ဌာနတွင် စာမေးပွဲဖြေဆိုနေမှုအခြေအနေများအား ကြည့်ရှုပြီး အဆိုပါကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တွဲဖက်ဖွင့်လှစ်သွားမည့် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သက်မှတ်စံချိန်စံညွှန်း ပြည့်မီအောင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ခရမ်းမြို့နယ်၌ စာဖြေကျောင်းသား ကျောင်းသူများအား သောက်ရေသန့်နှင့် အားဖြည့်အချိုရည်များ လှူဒါန်း



ခရမ်း မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲနှင့် ဇနီးတို့ ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု( ၅၅ )ခေတ္တတပ်ဖွဲ့စုမှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းကာ သောက်ရေသန့်နှင့် အားဖြည့်အချိုရည်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖြန့်ဝေလှူဒါန်း**

အဆိုပါစာစစ်ဌာနတွင် ဖြေဆိုရန် စာရင်းပေးလျှောက်ထားသူ ၁၀၂ ဦးအနက် ဇီဝဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူစုစုပေါင်း ၉၀ ရှိရာ စာဖြေကျောင်းသားများအား မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု( ၅၅ )မှ တပ်ဖွဲ့ဝင်များက ယာဉ်/ လမ်းများ ရှင်းလင်းပေးခြင်း၊ လိုအပ်ချက်များအလိုက် ကူညီဖြေရှင်းပေးခြင်းများအပြင် စာဖြေပြီးပြန်ထွက်လာသည့် ကျောင်းသား ကျောင်းသူများအား သောက်ရေသန့်၊ အချိုရည်များ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦးနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိ

နေပြည်တော် မတ် ၁၅

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဇီဝဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦးနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် သိပ္ပံဘာသာတွဲ ဇီဝဗေဒဘာသာရပ်ဖြေဆိုရန် နိုင်ငံခြားစာစစ်ဌာန သုံးခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၅၆ ခု စာစစ်ဌာန စုစုပေါင်း ၇၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၇၄၃၆ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၂ ဒသမ ၂၈ ရာခိုင်နှုန်းရှိသည်။

ထို့ပြင် ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် နိုင်ငံခြားစာစစ်ဌာန သုံးခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၅၆ ခု စာစစ်ဌာန စုစုပေါင်း ၈၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၁၆၁၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန
## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဇီဝဗေဒ ရက်စွဲ၊ ၁၅ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၂၆ | ၂၉၃ | ၁၂၃၄ | ၁၅၂၇ | ၂၈၈ | ၁၁၅၁ | ၁၄၃၉ | ၅ | ၈၃ | ၈၈ | ၉၄.၂၄% | ၅.၇၆% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅ | ၁၈၄ | ၂၀၉ | ၂၅ | ၁၇၅ | ၂၀၀ | ၀ | ၉ | ၉ | ၉၅.၆၉% | ၄.၃၁% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၀၅ | ၄၃၉ | ၅၄၄ | ၉၈ | ၃၉၃ | ၄၉၁ | ၇ | ၄၆ | ၅၃ | ၉၀.၂၆% | ၉.၇၄% | |
| ၄ | ချင်း | ၆ | ၈ | ၁၂ | ၁၀၆ | ၄၇၃ | ၅၇၉ | ၉၃ | ၃၇၂ | ၄၆၅ | ၁၃ | ၁၀၁ | ၁၁၄ | ၈၀.၃၁% | ၁၉.၆၉% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၄၈ | ၄၆၇ | ၂၃၂၁ | ၂၇၈၈ | ၄၄၃ | ၂၀၂၅ | ၂၄၆၈ | ၂၄ | ၂၉၆ | ၃၂၀ | ၈၈.၅၂% | ၁၁.၄၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၁၄၉ | ၃၄၁ | ၄၉၀ | ၁၄၉ | ၃၂၆ | ၄၇၅ | ၀ | ၁၅ | ၁၅ | ၉၆.၉၄% | ၃.၀၆% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၁ | ၄၃၂ | ၁၉၁၇ | ၂၃၄၉ | ၄၂၄ | ၁၇၇၁ | ၂၁၉၅ | ၈ | ၁၄၆ | ၁၅၄ | ၉၃.၄၄% | ၆.၅၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၀ | ၁၇၉ | ၁၀၀၁ | ၁၁၈၀ | ၁၇၇ | ၉၄၅ | ၁၁၂၂ | ၂ | ၅၆ | ၅၈ | ၉၅.၀၈% | ၄.၉၂% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၃၁၇ | ၄၄၀၈ | ၄၇၂၅ | ၃၁၀ | ၄၀၈၄ | ၄၃၉၄ | ၇ | ၃၂၄ | ၃၃၁ | ၉၂.၉၉% | ၇.၀၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၂၄၄၁ | ၈၀၀၇ | ၁၀၄၄၈ | ၂၃၉၄ | ၇၃၇၀ | ၉၇၆၄ | ၄၇ | ၆၃၇ | ၆၈၄ | ၉၃.၄၅% | ၆.၅၅% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၂ | ၃၅၂ | ၁၁၉၃ | ၁၅၄၅ | ၃၄၁ | ၁၁၂၀ | ၁၄၆၁ | ၁၁ | ၇၃ | ၈၄ | ၉၄.၅၆% | ၅.၄၄% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၄၀ | ၄၂ | ၂၁၇၂ | ၂၂၁၄ | ၄၁ | ၁၈၅၀ | ၁၈၉၁ | ၁ | ၃၂၂ | ၃၂၃ | ၈၅.၄၁% | ၁၄.၅၉% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၂ | ၁၀၄၇ | ၉၇၆၂ | ၁၀၈၀၉ | ၁၀၃၆ | ၈၈၆၈ | ၉၉၀၄ | ၁၁ | ၈၉၄ | ၉၀၅ | ၉၁.၆၃% | ၈.၃၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၅ | ၆၀၉ | ၂၂၉၁ | ၂၉၀၀ | ၅၉၇ | ၂၁၂၁ | ၂၇၁၈ | ၁၂ | ၁၇၀ | ၁၈၂ | ၉၃.၇၂% | ၆.၂၈% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၄၄၃ | ၈၁၀ | ၁၂၅၃ | ၄၃၀ | ၇၄၁ | ၁၁၇၁ | ၁၃ | ၆၉ | ၈၂ | ၉၃.၄၆% | ၆.၅၄% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၀ | ၅၁ | ၁၉၈ | ၂၄၉ | ၅၁ | ၁၇၅ | ၂၂၆ | ၀ | ၂၃ | ၂၃ | ၉၀.၇၆% | ၉.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၅၃ | ၄၂၄ | ၁၆၂၀ | ၂၀၄၄ | ၄၁၂ | ၁၅၀၈ | ၁၉၂၀ | ၁၂ | ၁၁၂ | ၁၂၄ | ၉၃.၉၃% | ၆.၀၇% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၄ | ၁၁၆ | ၁၄၆၃ | ၁၅၇၉ | ၁၁၆ | ၁၃၄၈ | ၁၄၆၄ | ၀ | ၁၁၅ | ၁၁၅ | ၉၂.၇၂% | ၇.၂၈% | |
| ၁၉ | နိုင်ငံခြား | | | ၃ | | ၄ | ၄ | | ၄ | ၄ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၃ | ၁၀၈ | ၇၅၉ | ၇၅၉၈ | ၃၉၈၃၈ | ၄၇၄၃၆ | ၇၄၂၅ | ၃၆၃၄၇ | ၄၃၇၇၂ | ၁၇၃ | ၃၄၉၁ | ၃၆၆၄ | ၉၂.၂၈% | ၇.၇၂% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၂၊၄၊၇) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၃၊၅၊၆၊၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။
- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## အခြေခံပညာဦးစီးဌာန
## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဘောဂဗေဒ ရက်စွဲ၊ ၁၅ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၁၁၁ | ၇၅၇၀ | ၈၆၈၁ | ၁၀၇၂ | ၆၉၀၂ | ၇၉၇၄ | ၃၉ | ၆၆၈ | ၇၀၇ | ၉၁.၈၆% | ၈.၁၄% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၃၄ | ၅၀၃ | ၇၃၇ | ၂၂၆ | ၄၄၉ | ၆၇၅ | ၈ | ၅၄ | ၆၂ | ၉၁.၅၉% | ၈.၄၁% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၅၇၀ | ၁၇၂၉ | ၂၂၉၉ | ၅၁၉ | ၁၅၂၃ | ၂၀၄၂ | ၅၁ | ၂၀၆ | ၂၅၇ | ၈၈.၈၂% | ၁၁.၁၈% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၅၄၅ | ၂၃၃၇ | ၂၈၈၂ | ၄၈၇ | ၁၈၆၃ | ၂၃၅၀ | ၅၈ | ၄၇၄ | ၅၃၂ | ၈၁.၅၄% | ၁၈.၄၆% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၁၈၅ | ၇၄၁၇ | ၈၆၀၂ | ၁၁၁၃ | ၆၂၇၃ | ၇၃၈၆ | ၇၂ | ၁၁၄၄ | ၁၂၁၆ | ၈၅.၈၆% | ၁၄.၁၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၈ | ၉၅၁ | ၂၈၄၇ | ၃၇၉၈ | ၈၉၃ | ၂၅၂၄ | ၃၄၁၇ | ၅၈ | ၃၂၃ | ၃၈၁ | ၈၉.၉၇% | ၁၀.၀၃% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၈၄၀ | ၃၇၈၈ | ၄၆၂၈ | ၈၀၁ | ၃၃၁၅ | ၄၁၁၆ | ၃၉ | ၄၇၃ | ၅၁၂ | ၈၈.၉၄% | ၁၁.၀၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၀၃၀ | ၄၄၃၈ | ၅၄၆၈ | ၉၈၅ | ၃၉၅၃ | ၄၉၃၈ | ၄၅ | ၄၈၅ | ၅၃၀ | ၉၀.၃၁% | ၉.၆၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၄၅၉ | ၈၄၇၁ | ၈၉၃၀ | ၄၄၉ | ၇၅၆၀ | ၈၀၀၉ | ၁၀ | ၉၁၁ | ၉၂၁ | ၈၉.၆၉% | ၁၀.၃၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၁၅၀၆ | ၁၂၀၃၇ | ၁၃၅၄၃ | ၁၄၄၇ | ၁၀၇၈၇ | ၁၂၂၃၄ | ၅၉ | ၁၂၅၀ | ၁၃၀၉ | ၉၀.၃၃% | ၉.၆၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၂၂၅ | ၃၄၄၄ | ၄၆၆၉ | ၁၁၅၂ | ၃၁၄၉ | ၄၃၀၁ | ၇၃ | ၂၉၅ | ၃၆၈ | ၉၂.၁၂% | ၇.၈၈% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၉ | ၃၃၈ | ၁၆၃၃၃ | ၁၆၆၇၁ | ၃၂၅ | ၁၄၂၃၅ | ၁၄၅၆၀ | ၁၃ | ၂၀၉၈ | ၂၁၁၁ | ၈၇.၃၄% | ၁၂.၆၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၈၄၉ | ၁၅၁၃၃ | ၁၅၉၈၂ | ၈၂၆ | ၁၂၉၇၄ | ၁၃၈၀၀ | ၂၃ | ၂၁၅၉ | ၂၁၈၂ | ၈၆.၃၅% | ၁၃.၆၅% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၂၈၅ | ၄၃၈၃ | ၅၆၆၈ | ၁၂၄၃ | ၃၈၁၇ | ၅၀၆၀ | ၄၂ | ၅၆၆ | ၆၀၈ | ၈၉.၂၇% | ၁၀.၇၃% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၅၇၈ | ၁၈၁၀ | ၂၃၈၈ | ၅၃၆ | ၁၅၉၆ | ၂၁၃၂ | ၄၂ | ၂၁၄ | ၂၅၆ | ၈၉.၂၈% | ၁၀.၇၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၀၄ | ၉၆၁ | ၁၀၆၅ | ၉၈ | ၈၃၀ | ၉၂၈ | ၆ | ၁၃၁ | ၁၃၇ | ၈၇.၁၄% | ၁၂.၈၆% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၃၈၂ | ၁၂၆၈၁ | ၂၀၀၆၃ | ၆၉၆၀ | ၁၁၁၆၈ | ၁၈၁၂၈ | ၄၂၂ | ၁၅၁၃ | ၁၉၃၅ | ၉၀.၃၆% | ၉.၆၄% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၈၆ | ၅၄၄၇ | ၅၅၃၃ | ၈၄ | ၄၈၆၀ | ၄၉၄၄ | ၂ | ၅၈၇ | ၅၈၉ | ၈၉.၃၅% | ၁၀.၆၅% | |
| ၁၉ | နိုင်ငံခြား | | | ၃ | | ၇ | ၇ | | ၇ | ၇ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၅၉ | ၂၀၂၇၈ | ၁၁၁၃၃၆ | ၁၃၁၆၁၄ | ၁၉၂၁၆ | ၉၇၇၈၅ | ၁၁၇၀၀၁ | ၁၀၆၂ | ၁၃၅၅၁ | ၁၄၆၁၃ | ၈၈.၉၀% | ၁၁.၁၀% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၂၊၄၊၇) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၃၊၅၊၆၊၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။
- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၅**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)နှင့် မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၀ ဖြစ်၍ စုစုပေါင်း ၂၆ ပါတီ ဖြစ်သည်။ ယင်း ၂၆ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၂၀ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ်(၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၃-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ အလံပုံစံ**



**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အကွက်(၁)၊ ဆင်ကူးလမ်း၊ အမှတ်(၁၁၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၃-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၁/၂၀၁၃) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် After Care Services များကိုလည်း ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေး၊ ထုတ်လုပ်မှုများ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ပိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာသည့် အမှာစာနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာအပေါ် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များကို ဖတ်ကြားရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးဇေယျာလင်းတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**



## ဧရာဝတီတံတား(မကွေး) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် မတ် ၁၅**

ဧရာဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၆)နှင့် (၁၇)ကြားမှ ဖွင့်လှစ်ထားသည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၁၈ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၇)နှင့် (၁၈)ကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆) နှင့်(၁၇) ကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်းတိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သွားမည်

**နေပြည်တော် မတ် ၁၅**

၂၀၁၃ ခုနှစ် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ရှေ့သို့ပြောင်းလဲဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဦးအောင်စည်သူ(စည်တော်မောင်-မကွေး)က ပထမဆု၊ ဟသ္တာတမြို့ ကနောင်စုရပ်ကွက်မှ ဦးဇော်လွင်ဦး (ကိုတူး သာယာမြိုင်)က ဒုတိယဆုနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(စက်မှု) ဦးရဲဖြိုးပိုင်(ကိုရဲ စက်မှု)က တတိယဆုရရှိခဲ့ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ သိရသည်။

ထိုသို့ ဆုရရှိခဲ့ကြသည့် ဆောင်းပါးရှင်များကို မတ် ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## Bank of China (Hong Kong) (ရန်ကုန်ဘဏ်ခွဲ)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော AML/CFT ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၅**

AML/CFT ဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်း ဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ Bank of China (Hong Kong) (ရန်ကုန်ဘဏ်ခွဲ) မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့သို့ တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံ (Action Plan) များ ဆောင်ရွက်ရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး AML/CFT ဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာ ဌာနအသီးသီး၏ ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ အစိုးရ၊ Law Enforcement အဖွဲ့များ၊ သတင်းပို့အဖွဲ့အစည်းများနှင့် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံအနေဖြင့် AML/ CFT ဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပိုမိုထိရောက်စေရန်နှင့် အစိုးရမှ Action Plan အား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကတိကဝတ်များပြု၍ ဆောင်ရွက်နေမှုများ၊ BOC မှ AML/ CFT ဆိုင်ရာ အတွေ့အကြုံများဖလှယ်ရန်ရည်ရွယ်၍ ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

Bank of China (Hong Kong) (ရန်ကုန်ဘဏ်ခွဲ)၏ အမှုဆောင်အရာရှိချုပ်က AML/CFT ဆောင်ရွက်နေမှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။ ဆက်လက်၍ ဘဏ်၏ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အရာရှိချုပ်က AML/CFT ဆိုင်ရာ Risk Management အတွက် Internal Control ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပုံများ၊ FATF ၏ အကြံပြုချက်များကို ပြည့်မီစေရန် ဆောင်ရွက်ချက်များကို ရှင်းလင်းပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၅**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီနှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း ပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဈေးကွက်အတွင်း လွတ်လပ်စွာ စီးဆင်းနိုင်စေရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်နိုင်စေရေး စသည့် လုပ်ငန်းများကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ အခွင့်အရေးအပြည့်အဝရရှိစေရေးဆောင်ရွက်ခြင်း၊ နစ်နာဆုံးရှုံးမှုတို့ကို ကုစားပေးနိုင်ရန် ဥပဒေနှင့်အညီ အသိပညာပေးခြင်း၊ တိုင်ကြားမှုများကို ဖြေရှင်းပေးခြင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချစွာ ရရှိရန် ဈေးကွက်စောင့်ကြည့်စစ်ဆေးသော လုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့ကျင်းပသည့် ကမ္ဘာ့စားသုံးသူများအခွင့်အရေးများနေ့တွင် "စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင်ကူးပြောင်းစို့" ဆောင်ပုဒ်နှင့်အညီ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကိုကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲထွဋ်နိုင်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ လုပ်ငန်းကော်မတီဝင် ဦးမျိုးချိုနှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှဥက္ကဋ္ဌ ဦးသန်းဌေးတို့က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပြီး တာဝန်ရှိသူများက ဆုလက်ဆောင်များ ချီးမြှင့်ကာ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်း-ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ရဲထွဋ်**

## ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၁၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အတွင်းရှိယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ




ယာယီနေရပ်စွန့်ခွာသူအိမ်ထောင်စုဝင်များ လတ်တလောစားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့ ကီမိုခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၀ စုအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ၉၀၀၀ ကျပ်နှုန်းဖြင့် လူဦးရေ ၁၀၅ ဦး အတွက် ထောက်ပံ့ငွေကျပ် ၉၄၅၀၀၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ပုံး ၂၀ ကိုလည်းကောင်း စခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက် ပေးမှုဖြင့် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာ စခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်ကြမည့်ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများ အရောက် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် မတ် ၁၅

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အလှူရှင်ဖြစ်သော ကောင်းကင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရဲရင့်အောင်နှင့် မိသားစုက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ မုခ်ဦး(အကြီး) တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၈၆၅ သိန်းနှင့် မုခ်ဦး(အသေး) တည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၂၂၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ - ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁၅

မြန်မာ့တပ်မတော်အနေဖြင့် ပြည်ပနိုင်ငံများ၏ တပ်မတော်များနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအားကောင်းစေရန် အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပို မိုခိုင်မာအားကောင်းလာစေရန်ရည်ရွယ်၍ ကျင်းပသည့် မြန်မာ- ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများရေကူးပြိုင်ပွဲ ဖွင့်ပွဲကို မတ် ၁၄ ရက်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အဆင့်မြင့်စာပေဗဟိုဌာန ရေကူးကန်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တပ်မတော် အရာရှိကြီးများ၊ ရုရှားပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ Colonel Dmitry Vladimirovich ZHUCHKOV၊ ပြင်ဦးလွင် တပ်နယ်မှ အရာရှိ စစ်သည်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နှစ်နိုင်ငံအလံတင်အခမ်းအနားကို ဦးစွာကျင်းပ၍ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားပြီး နှစ်နိုင်ငံ ဗိုလ်လောင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ကြည့်ရှုအားပေးသည်။ ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုများရရှိခဲ့ကြသည့် ဗိုလ်လောင်းများကို သက်ဆိုင်ရာ တပ်မတော်အရာရှိကြီးများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲပထမနေ့ အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ယနေ့နံနက်ပိုင်းတွင် ရေကူးပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အခမ်းအနားတက်ရောက်လာကြသူများက နှစ်နိုင်ငံ ဗိုလ်လောင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစွာ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် နှစ်နိုင်ငံမှ ဗိုလ်လောင်းများကို စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကာ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို မြန်မာ့တပ်မတော် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦးနှင့် ရုရှားနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါ်တန်းကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ပေါ်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်း လေးမျိုးကူးပြိုင်ပွဲ စသည့် ပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဟိုပုံးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေး

ဟိုပုံး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နောင်ဒေးကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က နောင်ဒေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးမြင့်ကြည်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၂၂

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများအား လူမဆန်စွာ သတ်ဖြတ်မှုအပေါ် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

နေပြည်တော် မတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နမ့်နိမ်ကျေးရွာအတွင်းသို့ မတ် ၁၁ ရက်တွင် KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် နမ့်နိမ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် သုံးပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်းကို ယနေ့တွင် ရဟန်းသံဃာတော်များနှင့် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများက တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုး တိုးတက်ကွင်း၌ စုပေါင်း၍ ဆန္ဒဖော်ထုတ်ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် ပအိုဝ်းဒေသအတွင်း ကျူးကျော်စစ်တလင်းဖန်တီးမှု အလိုမရှိ၊ အပြစ်မဲ့ ပအိုဝ်းသံဃာတော်များနှင့် ပအိုဝ်းလူမျိုးများအား သတ်ဖြတ်မှု အလိုမရှိ၊ သတင်းမှန် ဖုံးကွယ်ရေးသားဖော်ပြသော မီဒီယာများ အလိုမရှိ၊ ပအိုဝ်းပြည်သူလူထုပိုင် ပစ္စည်းဥစ္စာများအား အတင်းအဓမ္မခိုးယူနေသော အကြမ်းဖက်သမားများ အလိုမရှိ၊ သာသနာ့ အဆောက်အအုံများ၊ ပြည်သူလူထု နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ အလိုမရှိ၊ ကျေးရွာနှင့် လူနေအိမ်များ၊ ဒေသခံများကို လူသားဒိုင်းကာအဖြစ် အသုံးပြုမှုများ အလိုမရှိ၊ KNDF နှင့် အကြမ်းဖက် PDF အပေါင်းအပါများ ပအိုဝ်းဒေသအတွင်းမှ အမြန်ဆုံးဆုတ်ခွာရေး ဒို့အရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပအိုဝ်းဒေသ တည်ငြိမ်အေးချမ်းရေး ဒို့အရေး စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မီတာ (Meta)ကုမ္ပဏီက ဝန်ထမ်း ၁၀၀၀၀ ခန့် ထပ်မံလျှော့ချမည်




**ဝါရှင်တန် မတ် ၁၅**

ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို လည်ပတ်သည့် မီတာ(Meta)ကုမ္ပဏီက ဝန်ထမ်း ၁၀၀၀၀ ခန့်ကို မကြာမီအချိန်အတွင်း လျှော့ချသွားမည်ဖြစ်ကြောင်း မီတာကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ယမန်နေ့က ရေးသားထားကြောင်း သိရသည်။

ယခုအလုပ်အကိုင် လျှော့ချမည့် အစီအစဉ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်းနှင့် ယင်းသို့ ဝန်ထမ်းအင်အား လျှော့ချပစ်ရခြင်းမှာ ကုမ္ပဏီ၏ ငွေကြေးအစီအမံများကို မြှင့်တင်ရန်ဖြစ်ပြီး ကုမ္ပဏီ၏ ရေရှည်မျှော်မှန်းချက်များကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်နိုင်စေရန်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် မက်ခ်ဇူကာဘတ်ဂ်က ပြောကြားသည်။

ဧပြီလနှောင်းပိုင်းတွင် ကုမ္ပဏီ၏ နည်းပညာအဖွဲ့များကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး ဝန်ထမ်းအင်အားလျှော့ချမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် ဝန်ထမ်းအင်အား ၁၁၀၀၀ ခန့်ကို လျှော့ချခဲ့ပြီးဖြစ်သည်။ အဆိုပါဝန်ထမ်းအင်အားသည် မီတာကုမ္ပဏီ၏ ဝန်ထမ်းအင်အားအားလုံး၏ ၁၃ ရာခိုင်နှုန်းဖြစ်သည်။

နည်းပညာကုမ္ပဏီကြီး ဖြစ်သည့် မီတာကုမ္ပဏီက ယင်းသို့ ပထမအကြိမ် ဝန်ထမ်းအင်အား လျှော့ချပြီးနောက် မကြာမီအချိန်အတွင်းမှာပင် ဒုတိယအကြိမ် ဝန်ထမ်းအင်အားလျှော့ချရန် စီစဉ်ခြင်းမှာ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခု မဟုတ်ပေ။

အလားတူ အခြားသော အမေရိကန်ကုမ္ပဏီများသည်လည်း စီးပွားရေးပျက်ကပ်ဆိုက်လာမည်ကို စိုးရိမ်သည့်အတွက် လုပ်သားစရိတ်ကို လျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းကုမ္ပဏီများတွင် အမေဇုန် (Amazon)၊ ဂူဂဲလ် (Google)၊ ဝေါလ်ဒစ္စနေး (Walt Disney)နှင့် ဂိုးမန်းဆက်ချ် (Goldman Sachs) တို့ ပါဝင်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**




## ပုံးခြိမ်းခြောက်မှုခံရ၍ စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဂျိုဟန်နစ္စဘတ်တွင် ယာယီဆင်းသက်ခဲ့ရ

**စင်ကာပူ မတ် ၁၅**

စင်ကာပူ လေကြောင်းလိုင်း (SIA)မှ လေယာဉ်တစ်စင်းသည် မတ် ၁၄ ရက်တွင် ဗုံးခြိမ်းခြောက်မှု ခံရပြီးနောက် နာရီပိုင်းအကြာတွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်တွင် ယာယီဆင်းသက်ခဲ့ရကြောင်း ယနေ့စီအင်န်အေ သတင်းတစ်ရပ်အရ သိရသည်။

စင်ကာပူ လေကြောင်းလိုင်းမှ SQ478 သည် ဗုံးခြိမ်းခြောက်မှု ခံရသည့် သတိပေးချက်ကို သတိပြုမိချိန်တွင် စင်ကာပူနိုင်ငံမှတစ်ဆင့် ဂျိုဟန်နစ္စဘတ်မြို့ကို ဖြတ်ကာ ကိတ်တောင်းမြို့သို့ ပျံသန်းလာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းက ပြောကြားသည်။

ခရီးသည် ၅၈ ဦးနှင့် လေယာဉ်အမှုထမ်း ၁၅ ဦးတို့ လိုက်ပါလာသည့် အဆိုပါလေယာဉ်သည် ဂျိုဟန်နစ္စဘတ်ရှိ အိုအာတမ်ဘို အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းလေယာဉ်အား လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီးနောက် မတ် ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် ဂျိုဟန်နစ္စဘတ်မှ ထွက်ခွာပြီး ကိတ်တောင်းမြို့သို့ မွန်းလွဲ ၂ နာရီ ၂၉ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အလင်းသစ်**

## ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတကာမှခရီးသွားများကို နေထိုင်ခွင့်ဗီဇာ သက်တမ်းတိုးမြှင့်မည်

**ဟနွိုင်း မတ် ၁၅**

ဗီယက်နမ်အစိုးရသည် နိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာမှ ခရီးသွားများကို နေထိုင်ခွင့်ဗီဇာသက်တမ်း တိုးမြှင့်ပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း ယနေ့တွင် ဒေသခံမီဒီယာများက သတင်းရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်ရာတွင် ပြည်ဝင်ခွင့်အီလက်ထရွန်နစ်ဗီဇာ အသုံးပြုနိုင်သည့် နိုင်ငံများစာရင်းကိုလည်း ထပ်မံတိုးချဲ့သွားရန် စီစဉ်လျက်ရှိကြောင်း ဝန်ကြီးချုပ် Pham Minh Chinh ကပြောကြားသည်။ လက်ရှိအချိန်တွင် ချီလီနှင့်ပနားမားနိုင်ငံများမှ ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့် ရက် ၉၀ အထိ ခွင့်ပြုထားပြီး အာဆီယံနိုင်ငံများမှ ခရီးသွားများအား ခရီးသွားဗီဇာကင်းလွတ်ခွင့်ကို ရက် ၃၀ အထိ ခွင့်ပြုထားသည်။ နိုင်ငံအတွင်း ၂၀၁၉ ခုနှစ်က ခရီးသွားလုပ်ငန်းမှ ဝင်ငွေဒေါ်လာ ၇၂၀ ထရီလီယံရရှိခဲ့ပြီး ယင်းပမာဏသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၉ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ ပြီးခဲ့သည့်နှစ်လအတွင်းက နိုင်ငံတကာခရီးသွား ၁ ဒသမ ၈ သန်း နိုင်ငံအတွင်းသို့ ဝင်ရောက်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရရှိသည်။ ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃ ဘီလီယံ ရရှိရေးရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

## တူကီယဲနိုင်ငံတောင်ပိုင်း ပြည်နယ်များ၌ ရေကြီးရေလျှံမှုဖြစ်ပွား

**အန်ကာရာ မတ် ၁၅**

တူကီယဲနိုင်ငံ တောင်ပိုင်း ပြည်နယ်များ၌ ယနေ့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး ငါးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ယင်းဒေသများသည် ဖေဖော်ဝါရီလ အစောပိုင်းက လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်များမှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ရေကြီး ရေလျှံမှုများကြောင့် ဆန်လီဖာပြည်နယ်၌ အနည်းဆုံး လေးဦးသေဆုံးပြီး အေဒီရာမန်ပြည်နယ်ရှိ ယာယီခိုလှုံရေးဂေဟာတွင်နေထိုင်သည့် လူလေးဦး ပါဝင်သည့် မိသားစုတစ်စုမှာ ရေကြီးရေလျှံမှုများကြောင့် မျောပါသွားခဲ့ရာ လက်ရှိအချိန်တွင် တစ်ဦး၏ ရုပ်အလောင်းကို ပြန်လည်ရရှိခဲ့ပြီး ကျန်သုံးဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆိုလူက ပြောကြားသည်။

တူကီယဲနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်က အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့ရာ ငလျင်ဒဏ်ခံဒေသများတွင် ဆန်လီဖာပြည်နယ်နှင့် အေဒီရာမန်ပြည်နယ်တို့ ပါဝင်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

## အိန္ဒိယသမုဒ္ဒရာ၌ နိုင်ငံရှစ်နိုင်ငံပါဝင်သည့် ရေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**တိုကျို မတ် ၁၅**

အိန္ဒိယသမုဒ္ဒရာအတွင်း၌ နိုင်ငံရှစ်နိုင်ငံ ပါဝင်သည့် ရေကြောင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် အိန္ဒိယသမုဒ္ဒရာအတွင်း ရေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို မတ် ၁၃ ရက်နှင့် ၁၄ ရက်တွင် ကျင်းပခဲ့ပြီး ပြင်သစ်ရေတပ်က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ရေကြောင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ ဂျပန်၊ ပြင်သစ်နှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ဖျက်သင်္ဘောတစ်စင်း စေလွှတ်ပြီး စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့သည်။ နိုင်ငံရှစ်နိုင်ငံမှ တပ်ဖွဲ့ဝင်များက သေနတ်ပစ်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြပြီး ရွက်လွှင့်လေ့ကျင့်ခန်းများလည်း ပြုလုပ်ခဲ့ကြသည်။

အဆိုပါရှစ်နိုင်ငံပါဝင်သည့် ရေကြောင်းစစ်ရေးလေ့ကျင့်မှုကို အင်ဒို-ပစိဖိတ်ဒေသတွင် ၂၀၁၉ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို အကောင်အထည်ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေသည်ဟု ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။

စစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်း၌ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း လေ့လာသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၁၃,၃၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၃-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၂,၃၁၄)ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၃,၈၁၈)ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၄-၃-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၂,၃၁၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၃,၈၁၈ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ညောင်ရွှေ မတ် ၁၅**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် ညောင်ရွှေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်း (မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး)က ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ၊ ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများက ဒေသလိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညောင်ရွှေမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူးခန်းမ၌ ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က အင်းလေးကန်ဘေးမဲ့တော၊ အင်းလေးကန် ရေဝေရေလဲကိစ္စရပ်များနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး၊ သစ်တောသုတေသန ဆောင်ရွက်ထားရှိမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ ကျင်းပပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်များကြေညာ

**ရန်ကုန် မတ် ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကို ၁၂ ဦးယိမ်း (မူကြို ကျောင်းများ)၊ ၁၂ ဦးယိမ်း(ကျောင်းများ)၊ ၁၂ ဦး ယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦး ယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ ဟူ၍ သီးခြားကျင်းပပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့်အသင်းများသည် မတ် ၁၃ ရက်မှစ၍ မတ် ၃၁ ရက်အထိ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း (၁၂) ထပ်ရုံး ၁၀ လွှာရှိရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)တွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက်များကို ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း (၁၂) ထပ်ရုံး ၁၀ လွှာရှိ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)သို့ လူကိုယ်တိုင်ဖြစ်စေ၊ အတွင်းရေးမှူး အကဲဖြတ်ဆပ်ကော်မတီ ဖုန်း-၀၉-၅၁၀၃၂၈၇၊ တွဲဖက်အတွင်းရေးမှူး အကဲဖြတ်ဆပ်ကော်မတီ ဖုန်း-၀၉-၅၀၂၇၉၉၀ နှင့် အကဲဖြတ်ဆပ်ကော်မတီရုံးအဖွဲ့ ဖုန်း-၀၉-၄၂၀၁၅၂၃၃၉၊ ၀၉-၉၆၆၀၆၀၆၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်

**မိုးနဲ မတ် ၁၅**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဝမ်ဟေကျေးရွာအုပ်စု ပန်လော့ကျေးရွာ၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးငိုဘွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးသန်းအောင်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကိုထွန်းတို့က ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းကို မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထုပါဝင်မှု ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၁၆၀ ဖြင့် လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက်လက်မကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပိုးတောင်း**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

မေး။ ။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၆.၁.၂၀၂၃ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေမှာ ပါတီများမှတ်ပုံတင်ခြင်းဟာ ရက်ပေါင်း ၆၀ လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ၂၆.၃.၂၀၂၃ ရက်နေ့မှာ ရက်ပေါင်း ၆၀ ရက်ပြည့်မှာဖြစ်ပါတယ်။ သတ်မှတ်ရက်ပြည့်ပြီး နောက်ပိုင်းမှာ မှတ်ပုံတင်လို့ ရ/ မရ သိလိုပါတယ်ခင်ဗျ။

ဖြေ။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီး မီဒီယာတော်တော်များများလည်း မေးကြတာကို တွေ့ရပါတယ်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေမှာ ဥပဒေပုဒ်မ ၂၅ မှာလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီအဖြစ် တည်ရှိနေတဲ့ပါတီများဟာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုရင် ဒီဥပဒေပြဋ္ဌာန်းချက်မှာပါတဲ့အတိုင်း ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပြန်လည်လျှောက်ထားရမည်ဆိုပြီး ပါရှိပါတယ်။ နည်းဥပဒေအပိုဒ် ၈ မှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ရက်ပေါင်း ၆၀ အတွင်းမှာပဲ မှတ်ပုံတင်ကြေး ထပ်မံပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိပြီး လျှောက်ထားခြင်းမရှိတဲ့ နိုင်ငံရေးပါတီတွေက အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်လို့ပါပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မတ်လ ၂၆ ရက်နေ့မှာ ရက်ပေါင်း ၆၀ ပြည့်မှာ ဖြစ်ပါတယ်။ သို့သော် ၂၅၊ ၂၆၊ ၂၇ ရက်နေ့တွေက ရုံးပိတ်ရက်တွေဖြစ်ပါတယ်။ နည်းဥပဒေပုဒ်မ ၂၉ မှာက နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်ထားသောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ရင် ရုံးပြန်ဖွင့်သည့်နေ့တွင် အဲဒီကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိတယ်။ ဆက်လက်တည်ထောင်လိုတဲ့ နိုင်ငံရေးပါတီတွေက ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်ကို ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားမယ်ဆိုရင် ၂၈ ရက်နေ့ နောက်ဆုံးဖြစ်ပါမယ်။ ဒါက ဥပဒေအရ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ပါတီကြီးငယ် မဟူ မည်သည့်ပါတီမဆို ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။




❖ MNL ပြိုင်ပွဲမှ

ခြေစွမ်းမမီသေးဘဲ ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ နန္ဒကျော်၊ မြတ်ကောင်းခန့်၊ ကျော်ဇင်လွင်၊ ရဲရင့်အောင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး မြဝတီအသင်းမှာလည်း ဝေယံဦး၊ ထွန်းနန္ဒဦး (ဂိုး)၊ အောင်သူ၊ နိုင်ဇင်ထက်တို့ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပွဲအစ ၁၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစတင်ရရှိပြီး လင်းထက်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဖိကစားခဲ့ပြီး နန္ဒကျော်က ၂၈ မိနစ်တွင် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၈ မိနစ်တွင် ရဲရင့်အောင်နှင့် ၅၅ မိနစ်တွင် လင်းထက်စိုးတို့က သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၅ မိနစ်တွင် သက်ပိုင်ကိုက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရောဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂ မိနစ်တွင် သက်နိုင်နှင့် ၅၂ မိနစ်တွင် အာကာကျော်တို့က သွင်းယူပြီး ရောဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် ဖြိုးသန့်ကိုကိုက သွင်းယူခဲ့သည်။

ပွဲစဉ် (၅) ဒုတိယနေ့အဖြစ် မတ် ၁၆ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဒဂုံစတားအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL

❍ ကျောဖုံးမှ

၂၀၁၂ ခုနှစ် မတ်လအတွင်းက လီယွန်နယ်မက်ဆီနဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက လူးဝစ်အက်ဒရီယာနိုတို့ပြီးရင် ချန်ပီယံလိဂ်ပွဲစဉ် တစ်ပွဲထဲမှာ သွင်းဂိုးငါးဂိုးသွင်းယူနိုင်ခဲ့တဲ့ တတိယမြောက်ကစားသမားဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူးဟာလန်းဟာ ယခု ဘောလုံးရာသီအတွင်း မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံသွင်းဂိုး ၃၉ ဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပေါ်တိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပထမအကျော့မှာ အင်တာမီလန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် အင်တာမီလန်အသင်းဟာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ငွေကြယ်

## မူဆယ်မြို့၌ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်



မူဆယ် မတ် ၁၅

၂၀၂၃ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုးလုံလေလုံအားကစားခန်းမအတွင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ မြေပြင်တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ အေးရိုးဗစ်၊ ရိုးရာခြင်းလုံးနှင့် Fitness dance အစရှိသော အားကစားနည်း ရှစ်မျိုးကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၅ ရက်အထိ ကြာမြင့်ခဲ့ပြီး သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၅၀ တက်ရောက်လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ ငါးမွေးမြူရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် (တံခွန်တိုင်/အင်းစိန်) ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ငါးမွေးမြူရေးနည်းပညာပေးသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ငါးမွေးမြူရေးတောင်သူ ၄၀ တက်ရောက်ခဲ့ရာ သင်တန်းနည်းပြအဖြစ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလေးနိုင်၊ လှော်ကားငါးလုပ်ငန်းစခန်းမှ တာဝန်ခံ ဒေါ်အေးအေးမော်၊



လှည်းကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စန္ဒာငွေးတို့က အခြေခံငါးမွေးမြူရေးဆိုင်ရာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ ဉာဏ်ဟိန်း

## မော်လမြိုင်မြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်



မော်လမြိုင် မတ် ၁၅

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး မြို့နယ်ပန်းချီ၊ ပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးဉာဏ်သောင်းက မြန်မာ့ရိုးရာပန်းချီ အနုပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်၊ မျဉ်းကြောင်းများအကြောင်း၊ မျဉ်းကြောင်းများအဓိပ္ပာယ်၊ အရာဝတ္ထုပုံရေးဆွဲခြင်း၊ အရောင်များအကြောင်း၊ လက်ချောင်းပန်းချီရေးဆွဲခြင်း စသည့် အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို မတ် ၁၅ ရက်မှ ၃၀ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် မတ် ၁၅

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မတ် ၂၇ ရက်တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **“ပြည်ချစ်သားမွန် တေးသဝဏ်”** တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ်ငါးခုဖြင့် အပတ်စဉ် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်ကို **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော်တေးသံရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်နွဲပျော် ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုလျက်ရှိရာ မတ် ၁၇ ရက်တွင် တင်ဆက်မည့် ပွဲစဉ်(၄)တွင် ရသ၊ စိုးသီဟ၊ ကောင်းမိုးယံ၊ ဆုရည်၊ နန်းစန္ဒီ၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ ပပအောင်၊ မေသူမျိုးနှင့် ဝမ်းကေဇင်တို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မတ် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် မတ် ၁၅

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၉)ကို မတ် ၁၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲတို့ကို မတ် ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်” မှ “သုဝဏ္ဏတိလက” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၁၅

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေ တင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာ အစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါ အစီအစဉ်မှ **“သုဝဏ္ဏတိလက”** ဇာတ်တော်ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဆန်းနေအောင်၊ ထက်ကို၊ ဦးဝါဝင်း၊ ချမ်းချမ်းမိုးနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မတ် ၁၈ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၅ | ၂၂၈၀ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၂၈၁၀ |
| 95 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၁ | ၂၁၁၅ |
| 95 Ron | ၂၁၂၄ | ၂၂၀၀ |
| HSD (500 ppm) | ၂၀၃၁ | ၂၁၀၁ |
| HSD (50 ppm) | ၂၁၀၅ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၅ | ၂၁၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စစ်ကိုင်းတိုင်းဒေသကြီး စပါး/ဆန် ဈေးကွက်

**စစ်ကိုင်း မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူနှင့် ရွှေဘိုခရိုင်များအနေဖြင့် ရွှေဘိုခရိုင်တွင် စပါးဈေး အနည်းငယ်မြင့်တက်နေပြီး ကန့်ဘလူနှင့် မုံရွာခရိုင်တို့တွင် စပါးဈေး အနည်းငယ် ကျဆင်းနေကြောင်းနှင့် ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း မတ်လ(ဒုတိယပတ်) စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၅၀၀၀၀၊ ပေါ်ဆန်း(ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ရေဦးခရိုင်အတွင်း ပေါ်ဆန်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀၀၀၊ ပေါ်ဆန်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ ရောမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀၊ ရောမင်း(ဆန်)(သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ်၆၀၀၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးမြို့နယ်မှ ဧည့်မထ(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀၀၀၊ ဧည့်မထ (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၊ ငစိန်(စပါး)(သစ်)တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ ငစိန်(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀၊ ရောမင်း(ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ မှော်ဘီ(၂) (စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၀၊ မှော်ဘီ(၂) (သစ်)ဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ဆင်းကေရီ(၃) (စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၀၊ ဆင်းကေရီ(၃) (သစ်)ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀၊ ရောမင်း(ဆန်) (သစ်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာမြို့တွင် ရောမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀၀၀၊ ရောမင်း(ဆန်)(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ မနောသုခ(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ မနောသုခ(ဆန်) (သစ်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူမြို့တွင် ရောမင်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀၊ ရောမင်း(ဆန်) (သစ်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



## မောတောင်ကုန်သွယ်ရေးစခန်းမှ ကဏန်းအရှင် တင်ပို့

**နေပြည်တော် မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ကဏန်းများအား မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ပုံမှန်တင်ပို့လျက်ရှိသည်။ ပုံမှန်အားဖြင့် ကဏန်းဖမ်းဆီးမှုအား တစ်ပတ်ဖမ်း၊ တစ်ပတ်နားစနစ်ဖြင့် ဖမ်းယူကြပြီး ဖမ်းဆီးရမိသည့် ကဏန်းများအား နေ့ချင်းတင်ပို့မှုများရှိသကဲ့သို့ ရက်ပိုင်း ခေတ္တထိန်းသိမ်းထားပြီးမှ တင်ပို့မှုများလည်းရှိသည်။ မတ် ၁ ရက်မှ ၁၃ ရက်အထိ မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ကဏန်းမဲအရှင်(Live Mud Crab) ၁၁၂၅၀ ကီလိုဂရမ်ခန့်တင်ပို့နိုင်ခဲ့သည်။ လက်ရှိပေါက်ဈေးအနေဖြင့် ကဏန်းမဲအရှင် တစ်ကီလိုဂရမ်လျှင် ၁၄၅ ဒသမ ၂၀ ဘတ်ရရှိလျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၃ ခုနှစ် မတ် ၁၅ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၉၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ မတ် ၁၅**

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ ၁၃ ရက်ထိ) ပို့ကုန် ၆၉၇ ဒသမ ၆၀၉ ကန်ဒေါ်လာသန်း၊ သွင်းကုန် ၁၂၆၈ ဒသမ ၇၅၈ ကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၉၆၆ ဒသမ ၃၆၇ ကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် မတ် ၁၂ ရက်မှ ၁၃ ရက်အထိ ပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်၊ CMP၊ ကြက်သွန်နီ၊ ငါးပိ၊ ပီလောပီနံ၊ ရေထွက်ကုန်ပစ္စည်း၊ ဂေါ်ဖီထုပ်၊ ကွမ်းရွက်၊ မန်ကျည်းသီး၊ မြေပဲဆန်နှင့် အခြားပစ္စည်းတို့ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများတွင်ကျယ်စွာဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ အထည်အလိပ်၊ စားသောက်ကုန်၊ ထုပ်ပိုးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကားအပိုပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ သစ်သီး၊ စက်ဆီ/ချောဆီနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ဇန်နဝါရီ ၅ ရက်မှစ၍ မြဝတီကုန်သွယ်မှုလမ်းကြောင်းများ ပုံမှန်ဖြစ်ပေါ်လာပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြောင်းဆန်များ တင်ပို့လာနိုင်ခြင်းနှင့် တရုတ်နှစ်သစ်ကူးနောက်ပိုင်း တစ်ဖက်နိုင်ငံမှ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်းတို့ကြောင့် ဘတ်ဈေးများ တဖြည်းဖြည်းကျဆင်းလျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်သီတင်းပတ်က တစ်ဘတ်လျှင် ၈၂ ဒသမ ၉၉ ကျပ်ခန့်အထိရှိခဲ့ပြီး ယခုသီတင်းပတ်တွင်လည်း ၈၂ ဒသမ ၉၉ ကျပ်ခန့်သာရှိသဖြင့် ဘတ်ဈေးတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

## ကန့်ဘလူခရိုင်၌ ရာသီပေါ် မန်ကျည်းသီးမှည့် ရောင်းချသူများ မိသားစုဝင်ငွေရရှိ

**စစ်ကိုင်း မတ် ၁၅**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူခရိုင်တွင် မန်ကျည်းသီးမှည့်များ အရောင်းအဝယ်ဖြစ်လျက်ရှိရာ မန်ကျည်းသီးမှည့် အစေ့မပါ အဟောင်းတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၅၀၀၀ အထိရှိပြီး မန်ကျည်းသီးမှည့်အစေ့မပါ အသစ်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင်း မန်ကျည်းသီးများဝယ်ယူသည့် ပွဲရုံများမရှိသေးသော်လည်း အစေ့လွတ်မန်ကျည်းသီးမှည့်များကို ဒေသတွင်းရှိ ဖျော်ရည်ဆိုင်များ၊ အကြော်ဆိုင်များ၊ ပင်လယ်စာဆိုင်များနှင့် အကင်ဆိုင်များမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။



အစေ့လွတ် မန်ကျည်းသီးမှည့်များ ရောင်းချနိုင်ရန်အတွက် ရရှိလာသော မန်ကျည်းသီးတောင့် အမှည့်များကို အကြေသင်ခြင်း၊ ထုခြင်း၊ အစေ့အသားခွဲခြင်းများကို မိသားစုအလိုက် လုပ်ကိုင်လျက်ရှိရာ အရင်းမစိုက်ရဘဲ မိသားစု အပိုဝင်ငွေများရရှိနေကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ခရမ်းပဲတီစိမ်း ဈေးကောင်းရ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းစိုက်ရာသီ၌ ဧကသုံးသိန်းကျော်စိုက်ပျိုးခဲ့ရာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပ EU ဈေးကွက်ဝင် ပဲတီစိမ်းများကို အများဆုံး ၉၀ ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိကြောင်း၊ ခရမ်းမြို့နယ်တွင် ပဲတီစိမ်းစိုက်ဧက ၁၀၁၁၁၈ ဧကရှိပြီး အရည်အသွေးကောင်းသည့် ခရမ်းပဲတီစိမ်းများ ထွက်ရှိကြောင်း ယခုအချိန်တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးလုနီးပါးဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ယခင်နှစ်၌ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ်ပဲတီစိမ်းပေါ်စအချိန် ဇန်နဝါရီလအတွင်း ၇၂ ပေါင်ကိုက် တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ကျော်ရှိခဲ့ရာမှ မတ်လပထမပတ်အထိ တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀ ရှိလာခဲ့ကြောင်း၊ ဒေသတွင်းရှိ ပဲအဝယ်ဒိုင်များသို့ ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလအတွင်း မိုးရွာသွန်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းသော်လည်း တောင်သူများအနေဖြင့် ယခင်နှစ်ထက်ပိုမို၍ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။

## စက်သုံးဆီဈေးနှုန်း မြင့်မားလာခြင်းနှင့် ကင်းမွန်ရရှိမှုနည်းပါးခြင်းတို့ကြောင့် ကင်းမွန်ဈေးပိုမိုမြင့်တက်

**နေပြည်တော် မတ် ၁၅**

ကင်းမွန်(ခေါ်) ပြည်ကြီးငါးသည် ရေငန်တွင် အသက်ရှင်နေထိုင်လျက်ရှိပြီး တစ်နှစ်ပတ်လုံး သားပေါက်လေ့ရှိရာ အများအားဖြင့် ရေအပူချိန်တိုးလာချိန်များ၌ ပိုပြီးသားပေါက်လေ့ရှိကြောင်း၊ အသေးဆုံးကင်းမွန်များသည် တစ်နှစ်အရွယ်တွင် မျိုးအောင်ကြပြီး ခန့်မှန်းအားဖြင့် ကင်းမွန်များ၏ သက်တမ်းမှာ သုံးနှစ်သာရှိကြောင်း သိရသည်။ ကင်းမွန်အမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥဥနိုင်ကြပြီး ဧပြီ၊ မေလများသည် ကင်းမွန်များ သားပေါက်ရာသီဖြစ်သောကြောင့် ထိုကာလများ၌ ကင်းမွန်ဖမ်းခြင်းကို ရပ်ဆိုင်းထားပြီး သတ်မှတ်ကာလမှအပ ကင်းမွန်များကို ဆောင်းဦးအစမှ နွေဦးပေါက်သည်အထိ ဖမ်းဆီးရရှိမှုမှာ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။



ကင်းမွန်ကို တနင်္သာရီ၊ ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြိတ်ကျွန်းစုတို့တွင် အများဆုံးတွေ့ရှိရသည့်အပြင် မွန်ပြည်နယ်တို့တွင်လည်း တွေ့ရှိရကြောင်း၊ ဈေးကွက်အနေဖြင့် မြိတ်ဒေသတွင် ဖမ်းဆီးရမိသည့် တစ်လက်မအရွယ်မှ ၁၀ လက်မခန့် အရွယ်အစားရှိသော ကင်းမွန်များကို ပြည်တွင်းနေရာအနှံ့အပြားသို့ ပို့ဆောင်လျက်ရှိပြီး ဈေးကွက်တွင် အရွယ်အစားသုံးမျိုးခွဲခြား၍ နှစ်လက်မနှင့်အောက် အရွယ်အစားရှိသော ကင်းမွန်များကို အခြောက်ပြုလုပ်၍ လည်းကောင်း၊ သုံးလက်မနှင့်အထက် အရွယ်အစားရှိသော ကင်းမွန်များကို ရေခဲရိုက်၍လည်းကောင်း၊ ကင်းမွန်များကို သန့်စင်ပြီး အကွင်းပြုလုပ်၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ အကွင်းလိုက်ပြုလုပ်ထားသော ကင်းမွန်များကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူကြပြီး အကောင်လိုက် ရေခဲရိုက်ထားသော ကင်းမွန်များကို ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခင်က ဈေးကွက်ဝင် ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ရှိရာမှ ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်း မြင့်မားလာခြင်းနှင့် ကင်းမွန်ရရှိမှုနည်းပါးခြင်းတို့ကြောင့် ဈေးကွက်ဝင် ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ခန့်ထိ ဈေးပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၅

ရခိုင်ပြည်နယ် အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် မြောက်ဦးခရိုင် မြေပုံမြို့ရှိ ဆိပ်ခံတံတားသို့ ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့ရှိ ပညာ့ဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါမြို့အတွင်းရှိကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၅၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇၂ ဦး၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၆၈ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၆ ဦး၊ မျက်စိရောဂါ ၃၃၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူအထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။





ဒေသခံပြည်သူ



ဒေသခံပြည်သူ

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

"တပ်မတော်ပင်လယ်သွားဆေးကုသင်္ဘောကြီးလာရောက်မယ်ဆိုတာကြေညာထားပြီး ပါရဂူတွေလည်း ပါမယ်ဆိုတော့ လာရောက်ပြသဖြစ်တာပါ။ ပင်လယ်သွားသင်္ဘောကြီး လာမယ်ဆိုတာသိတော့ ဝမ်းသာနေတာပါ။ မြေပုံမြို့နယ်က ကျွန်းစုတွေနဲ့ ဖွဲ့စည်းထားတဲ့မြို့နယ်ပါ။ တခြားမြို့တွေ စစ်တွေတို့၊ ကျောက်ဖြူတို့၊ ရန်ကုန်တို့ သွားဖို့ဆိုတာက ဒီကသူတွေက တော်တော်အလှမ်းဝေးပါတယ်။ သမားတော်ကြီးတွေ ပါရဂူကြီးတွေ မြို့ပေါ်အရောက် အိမ်တိုင်ရာရောက် လာရောက်ကုသပေးတဲ့အတွက် အထူးပဲ ဝမ်းသာမိပါတယ်။ ဒေသခံတွေအတွက်လည်း အကျိုးဖြစ်ထွန်းပါတယ်။ ပါရဂူတွေက ကိုယ့်မြို့နယ်ထဲကို လာရောက်ကုသပေးတဲ့အတွက် လူတန်းစားမရွေး လာရောက် ကုသကြတာပါ။ အလွှာစုံပါပါတယ်။ ကိုယ့်ဆီမှာက ရှင်းရှင်းလင်းလင်းပြောရရင် အထွေထွေရောဂါကု ဆရာဝန်ပဲ ရှိပါတယ်။ ပါရဂူကြီးတွေက ကိုယ့်မြို့ကို လာရောက်ပေးတဲ့အတွက် အားကိုးတာလည်းပါတာပေါ့။ နောင်နှစ်နောင်နှစ်တွေမှာလည်း တစ်နှစ်ကိုတစ်ကြိမ် လာရောက်ကုသပေးစေချင်ပါတယ်။ ဒီလိုမျိုး ကုသဖို့စီစဉ်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

"သွားရေးလာရေးခက်ခဲတဲ့ ဒေသတွေကို တကူးတက လာရောက်ကုသပေးတဲ့ အထူးကုဆရာဝန်ကြီးတွေကို ကျွန်တော့်ဘက်ကနေပြီး လုပ်အားဒါနကိုယ့်ရှိတဲ့ လူအင်အားနဲ့ ကူညီဆောင်ရွက်ပေးရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ အလွန်ကောင်းတဲ့ အစီအစဉ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သွားလာရခက်ခဲတဲ့ဒေသရဲ့ တောသူတောင်သားလယ်သမား မပြည့်မစုံတဲ့သူတွေအတွက် မြို့ကိုတက်ပြီး ဆေးကုသဖို့ဆိုတာရယ်၊ သွားလာရတာရယ်၊ ငွေရေးကြေးရေးရယ်၊ အချိန်ရယ် အခက်အခဲတွေ အများကြီးရှိပါတယ်။ အခုလို လာရောက်ပြီး ကျန်းမာရေး အဆင်ပြေအောင် လုပ်ပေးတဲ့အတွက် ကျေနပ်မိပါတယ်။ ဒေသခံတွေ ကိုယ်စား ကျေးဇူးလည်းတင်ပါတယ်။"

သတင်းစဉ်

## ကမာရွတ်မြို့နယ်၌ အလုပ်ခွင်ပြင်ပထိခိုက်မှုအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့် ထုတ်ပေး

ကမာရွတ် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်ပြင်ပထိခိုက်မှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက Myat Mi Ba NG Industry Co.,Ltd (ရွှေဝါစက်ရုံ)ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တာဝန်ခံအရာရှိက အာမခံအလုပ်သမား ဦးမျိုးသန့်(သန့်ရှင်းရေး)၏ မိခင်ဖြစ်သူထံ ငွေကျပ် ၇၂၀၀၀၀၀ ကို တာဝန်ရှိသူများရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ်၌ နွေရာသီ မြန်မာ့ရိုးရာ အခြေခံခြင်းလုံးခတ်နည်းသင်တန်း ဖွင့်လှစ်

ကျိုက်ထို မတ် ၁၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီမြန်မာ့ရိုးရာအခြေခံခြင်းလုံးခတ်နည်းသင်တန်းကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျိုက်ထိုမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူး ဦးရန်နိုင်အောင်က ကျိုက်ထိုမြို့နယ်အတွင်း လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး နွေရာသီအားကစားသင်တန်း ဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ခြင်းလုံးနည်းပြ ဦးသူရိန်က အခြေခံမြန်မာ့ ခြင်းလုံးပညာများဖြစ်သည့် ရှေ့ခြေဖျား၊ ရှေ့ခြေခွင်၊ ရှေ့ဒူး၊ ဘေးဖဝါး၊ ဘေးဖနောင့်၊ ဘေးဖမျက် အခြေခံအထိ ခြောက်ချက်တို့ကို စနစ်တကျ အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ နွေရာသီအခြေခံ စစ်တုရင်သင်တန်း အခမဲ့ဖွင့်လှစ်



ဘီးလင်း မတ် ၁၅

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ် စစ်တုရင် ဝါသနာရှင်များနှင့် ပူးပေါင်း၍ နွေရာသီအခြေခံ စစ်တုရင် သင်တန်းကို ယမန်နေ့ နံနက်၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

ဘီးလင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စစ်တုရင်သင်တန်းတွင် သင်တန်းနည်းပြအဖြစ် စစ်တုရင် ဝါသနာရှင် ဦးရဲကျော်နှင့် ဦးကျော်သူတို့က အခြေခံစစ်တုရင်ကစားနည်းကို မတ် ၁၄ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နှစ်နာရီကြာ အခမဲ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား ၁၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ**

# ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များမှသည် မွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများဖော်ဆောင်မည်

မေသော်



နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် နွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ ကွင်းဆင်းထိုးနှံပေးစဉ်။

LBVD အမှတ်တံဆိပ်ပါ အင်္ကျီဝတ်ဆင်ထားသည့် ဝန်ထမ်းများ၊ ရွာသူရွာသားများ စုစည်းကာ တစ်အိမ်ဝင် တစ်အိမ်ထွက် တိရစ္ဆာန်ကာကွယ်ဆေး ထိုးခြင်းဖြင့် အလုပ်များနေသည်။ တပ်ကုန်းမြို့နယ်ရစ်ကျေးရွာအုပ်စု ဇရပ်ကြီးကုန်းကျေးရွာတွင် မွေးမြူထားသည့် ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျွဲ၊ နွားများတွင် အဖြစ်များသည့် ခွာနာလျှာနာရောဂါ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

“တောင်သူဆိုတာ ကျွဲ၊ နွားနဲ့ ကင်းလို့မရဘူး။ ဒီတော့ ကျွဲ၊ နွားမွေးရင် ခွာနာလျှာနာဖြစ်မှာစိုးလို့ ဂရုစိုက်ရတယ်။ အဖြစ်များတယ်။ ပြီးတော့ ဂရုမစိုက်ရင် ကိုယ်မွေးထားတဲ့တိရစ္ဆာန် ဆုံးရှုံးမှုဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့ရွာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကာကွယ်ဆေးလာရောက်ထိုးပေးတော့ ကိုယ့်တိရစ္ဆာန်အတွက် စိတ်အေးရတာပေါ့”ဟု ဇရပ်ကြီးကုန်းကျေးရွာရှိ ဦးမြင့်မောင်က ပြောသည်။

**ကာကွယ်ဆေးထိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (Livestock Breeding and Veterinary Department– LBVD) ဝန်ထမ်းများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပါဝင်သည့် မြို့နယ် ရှစ်မြို့နယ်တွင် ခွာနာလျှာနာကာကွယ်ဆေး လွှမ်းခြုံမှုရရှိရန် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ထိုသို့ ကာကွယ်ဆေးလွှမ်းခြုံမှု ၇၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများဖြစ်သည့် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကာကွယ်ဆေးထိုးနှံထားသည့် တိရစ္ဆာန်များတွင် ရောဂါခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်းထွက်ရှိမှုကို တိုင်းတာခြင်း၊ ပြည်သူလူထုကို အသိပညာပေးခြင်း၊ အသိပေးနှင့် သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ တိရစ္ဆာန်ဖြတ်သန်းသွားလာမှုကို စစ်ဆေးခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့်ပတ်သက်သည့် ဇီဝလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများ ချမှတ်ခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇွန်လမှစတင်ပြီး နေပြည်တော် ကောင်စီနယ်မြေ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်း အစပျိုးစီမံကိန်းအဖြစ် နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် အစပျိုးဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်လုံးတွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ခွာနာလျှာနာ ရောဂါကာကွယ်ဆေးထိုးနှံပြီး ပဋိပစ္စည်းထွက်ရှိမှု ၈၄ ရာခိုင်နှုန်းရှိသဖြင့် ပြည်ထောင်စုနယ်မြေအတွင်း ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများကောင်းမွန်၍ ထိရောက်မှုရှိကြောင်း၊ ထို့အတူ ခွာနာလျှာနာရောဂါလက္ခဏာဆိုင်ရာ စူးစမ်းထောက်လှမ်းခြင်းအနေဖြင့် လစဉ်တင်ပြမှုမှတ်တမ်းများတွင် ခွာနာလျှာနာရောဂါလက္ခဏာဖြစ်ပွားမှု သတင်းပေးပို့တင်ပြခဲ့ခြင်းမရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန်အတွင်း တိရစ္ဆာန်ဖြတ်သန်းသွားလာမှု စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးဂိတ် (Check Point) များ သတ်မှတ်ထားရှိကာ စိစစ်ဆောင်ရွက်လျက်ရှိသည်။

**ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်**

ထိုသို့ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

“ထိန်းချုပ်ရေးဇုန်အဖြစ်ကနေ ကင်းစင်ရေးဇုန်ဖြစ်အောင် ကြိုးပမ်းရမှာပါ။ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ဖော်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မွေးမြူတဲ့ ကျေးလက်နေပြည်သူ ဝင်ငွေတိုးစေဖို့ပါ။ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ခြင်းဟာ ရောဂါတစ်ခုတည်းကို ထိန်းချုပ်တာမဟုတ်ဘဲ တခြား တိရစ္ဆာန်ရောဂါတွေ ထိန်းချုပ်ရေးကိုပါ အများကြီးအထောက်အကူပြုပါတယ်။”ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည့်အတွက် ခွာနာလျှာနာကင်းစင်ရေးဇုန်ဖြစ်လာစေရန် ဇုန်အတွင်း ရောဂါကင်းစင်ရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

**ကမ္ဘာလုံးဆိုင်ရာ မူဝါဒရည်မှန်းချက်ကို အကောင်အထည်ဖော်**

မြန်မာနိုင်ငံသည် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (WOAH) တွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)၏ ၂၀၃၀ ပြည့်နှစ်တွင် ခွာနာလျှာနာရောဂါကင်းရှင်းရေး ကမ္ဘာလုံးဆိုင်ရာမူဝါဒရည်မှန်းချက်ကို လိုက်ပါအကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်မှုအနေဖြင့် ခွာနာလျှာနာရောဂါကင်းရှင်းရေး ကမ္ဘာလုံးဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်နှင့်အညီ အမျိုးသားအဆင့် ခွာနာလျှာနာရောဂါထိန်းချုပ်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲကာ နိုင်ငံအတွင်း လုပ်ငန်းများစတင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ခွာနာလျှာနာရောဂါကူးစက်ခံရနိုင်သည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက် ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခွာနာလျှာနာရောဂါဖြစ်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်လာနိုင်မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများတွင်လည်း ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုအန္တရာယ်ကို လျော့ချသွားနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို မွေးမြူရေးလုပ်ကိုင်သည့် ပြည်သူအများက ထောက်ခံအားပေးလျက်ရှိသည်။

“ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးဇုန်အနေနဲ့ ဇုန် (၄) ဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ၂၄ မြို့နယ် ခွာနာလျှာနာ ရောဂါထိန်းချုပ်ဇုန်၊ ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်နဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်တို့ ဖြစ်ပါတယ်။”ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

**ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း မိတ္ထီလာခရိုင်နှင့် ပဲခူးခရိုင်တို့တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်းရှိ ခရိုင် ၃၇ ခရိုင်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ရေးဇုန်များ ဆက်လက်ဖော်ဆောင်သွားခြင်းဖြင့် ၂၀၂၅ ခုနှစ်၌ နိုင်ငံ့ရေိယာ၏ ၅၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

“ထိန်းချုပ်ရေးဇုန်အဖြစ်ကနေ ကင်းရှင်းဇုန်ဖြစ်လာဖို့ ဆက်စပ်ပြီး လုပ်ဆောင်ရတဲ့လုပ်ငန်းတွေ ရှိပါတယ်။ ကျွန်တော်တို့ ဌာနဘက်က နည်းပညာပိုင်း၊ စစ်ဆေးကြပ်မတ်မှု စတဲ့လုပ်ငန်းအပိုင်းတွေမှာ သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်။ တစ်ဖက်က မွေးမြူသူတွေ၊ တိရစ္ဆာန်သယ်ဆောင်ရောင်းဝယ်သူတွေ၊ ထုတ်လုပ်သူတွေ၊ သားသတ်ရုံတွေ၊ နွားပွဲဈေးတွေ စတဲ့ဇုန်နဲ့ ပတ်သက်နီးနွယ်နေတဲ့သူတွေ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒါတွေကို လိုက်နာရမှာဖြစ်ပါတယ်။ ဒီစည်းကမ်းတွေသိရှိဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။”ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ရှင်းပြသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ရခိုင်ပြည်နယ် မာန်အောင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့် ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ဟူသည့် ဇုန်သုံးခုကို ထူထောင်ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

သို့ဖြစ်ရာ နိုင်ငံအတွင်း ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ အကောင်အထည်ဖော်ခြင်းဖြင့် ခွာနာလျှာနာရောဂါဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်နိုင်ပြီး မွေးမြူရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

❖ နေပြည်တော်ကို ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည့်အတွက် ခွာနာလျှာနာကင်းစင်ရေးဇုန်ဖြစ်လာစေရန် ဇုန်အတွင်း ရောဂါကင်းစင်ရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဆက်လက်အကောင်အထည်ဖော်လျက်ရှိ

❖ ၂၀၂၃ ခုနှစ်အတွင်း မိတ္ထီလာခရိုင်နှင့် ပဲခူးခရိုင်တို့တွင် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်းရှိ ခရိုင် ၃၇ ခရိုင်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ ဆက်လက်ဖော်ဆောင်သွားခြင်းဖြင့် ၂၀၂၅ ခုနှစ်၌ နိုင်ငံ့ရေိယာ၏ ၅၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၂၄)၏ အမည်ပေါက် ဦးယုလွင်အောင် [၉/မနမ(နိုင်)ဝ၈၉ဝ၈၄]ထံမှ ဒေါ်အေးအေးသန်း [၁၂/တမန(နိုင်)ဝ၁၃၇ဝဝ]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ဖုန်း- ဝ၆၇-၃၄ဝ၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၂)၊ အကျယ်အဝန်း (အလျား ၄ဝ ပေ x အနံ ၆ဝ ပေ) ကျယ်ဝန်းပြီး ဧရိယာ(ဝ.ဝ၅၅) ဧကရှိ နှစ် (၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁၂)၊ စက်မှုလယ်ယာ (၁) လမ်း၊ (၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးညွန့်တင် (TKI-ဝ၅၈၆၅၅) အမည်ပေါက်လျက်ရှိပြီး ၎င်း၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်မြင့် [၁၂/မဂဒ(နိုင်)၁၁၃၂၅၃]က အဆိုပါ မြေကွက်အား မိမိလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေများဖြစ်သော ဦးကျော်မြင့်အေး [၁၂/လမတ(နိုင်)ဝ၁၄၂၇၃]၊ ဒေါ်မို့မို့အေး [၁၂/လမတ(နိုင်)ဝဝဝ၁၇၅]၊ ဦးသန်းဇော်အေး [၁၂/လမတ(နိုင်)ဝဝ၁၆၈၇] တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကန့်ကွက်မည့်သူမရှိဟုမှတ်ယူပြီး အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဟန်စုကျော် LL.B, D.B.L, D.M.L** — **ဒေါ်ဝေဝေမွန် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂ဝ၁)** — **အထက်တန်းရှေ့နေ(စဉ်-၅ဝ၄၅၇)**
**အမှတ်-၅၆၃၊ ၁ဝ၃(G)၊ MAC Tower II၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ဝ၉-၅ဝ၉၅၈ဝဝ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ (၁)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၂)တွင် နေထိုင်သော ဒေါ်မြင့်မြင့်ခိုင် [၁၂/သဃက(နိုင်)၂ဝ၆၉၂ဝ] ကိုင်ဆောင်သူ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ တာမွေ(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ်(၁၂/၁၄)တွင် နေထိုင်သော ဦးအဗ္ဗဒူရာမန်(ခ) ဦးလှစိန် [၁၂/တမန(နိုင်)ဝ၉၉၁၈၈]ကိုင်ဆောင်သူထံမှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ဗိုလ်တေဇ(၃) လမ်း၊ အမှတ်(၇/ဝ၄၃၄) မြေပေါ်ရှိ (၄ဝပေx၅ဝပေ) ဧရိယာရှိ ရင်ကွဲ (၆) ထပ်တိုက်၏ (၆)လွှာ တိုက်မျက်နှာမူရာ ဝဲဘက်ခန်း၊ (၁၈ပေx၅၂ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းနှင့် ပတ်သက်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (ကြိုပွိုင့်) စနစ်ဖြင့် **“ဆောက်လက်စတိုက်ခန်းအား စရန်ပေးဝယ်ယူခြင်း နှစ်ဦးသဘောတူကတိစာချုပ်”** ဖြင့် (၁၂-၈-၂ဝ၂၂) ရက်နေ့တွင် တန်ဖိုးငွေ ငွေတစ်စိတ်တစ်ဒေသဖြစ်သော ငွေကျပ် ၂၆၇,၅ဝ,ဝဝဝိ/-(ကျပ်နှစ်ရာခြောက်ဆယ့်ခုနစ်သိန်းငါးသောင်းတိတိ) အား ပေးချေထားပြီး ဖြစ်ပါသည်။

တိုက်ခန်းရောင်းချသူ ဦးအဗ္ဗဒူရာမန် (ခ) ဦးလှစိန်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၃၅၈/၂ဝ၂၁ဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်မှုအရ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၆ လမ်း၊ အမှတ်(၁၉)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ၆ ထပ် ဆောက်လုပ်သည့် ကန်ထရိုက်တိုက်သစ်၏ တတိယထပ်၊ ၄လွှာ၊ အကျယ်အဝန်း (၁၂½'x ၅ဝ')ရှိ တိုက်ခန်းတစ်ခန်း တန်ဖိုးဖြစ်သော ငွေကျပ် ၂၆၂,၅ဝ,ဝဝဝိ/-(ကျပ်နှစ်ရာခြောက်ဆယ့်နှစ်သိန်းငါးသောင်းတိတိ)အား ပေးဆပ်ရန်အတွက် ဝန်ခံဒီကရီရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်တေဇ (၃)လမ်း၊ အမှတ် (၇/ဝ၄၃၄)၊ မြေပေါ်ရှိ (၄ဝပေx ၅ဝပေ) ဧရိယာရှိ ရင်ကွဲ (၆) ထပ်တိုက်၏ (၆)လွှာတိုက် မျက်နှာမူရာ ဝဲဘက်ခန်း၊ (၁၈ပေ x ၅၂ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁) ခန်းနှင့် ပတ်သက်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ တိုက်ခန်းဝယ်ယူသူ ဒေါ်မြင့်မြင့်ခိုင်နှင့်သာ သက်ဆိုင်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လုံးဝမရှိပါကြောင်း တိုက်ခန်းရောင်းသူ ဦးအဗ္ဗဒူရာမန်(ခ) ဦးလှစိန်မှ (၁၂-၈-၂ဝ၂၂) ရက်နေ့တွင် ဝန်ခံကတိပြုရောင်းချပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြင့်မြင့်ခိုင်** | **ဒေါ်ဆွေဇင်မြင့် LL.B** |
| **[၁၂/သဃက(နိုင်)၂ဝ၆၉၂ဝ]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၂၈၁၉)(၂၉-၆-၂ဝ၁၇)** |
| | **အမှတ်-၁၅၃(B)၊ ပထမထပ်၊** |
| | **ဆိပ်ကမ်းသာလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊** |
| | **09-782270048,09-254950210** |

## ကျူးကျော်ဝင်ရောက်နေထိုင်သူများနှင့် သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂)ရပ်ကွက်၊ အနော်ရထာ(၃)လမ်း၊ အမှတ်(၁ဝဝ)ဟုခေါ်တွင်သော ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၁ဝဝ)၊ ဧရိယာ(ဝ.ဝ၂၂)၊ စတုရန်းပေ (၄၈ဝဝ)၊ အကျယ်အဝန်း ပေ (၈ဝx၆ဝ)ရှိ နှစ်(၆ဝ)ဂရန် ဦးတင်ဟန် [၁၂/မဂတ(နိုင်)ဝဝ၁၅၇ဝ] အမည်ပေါက်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ (၅-၅-၂ဝဝ၆) ခုနှစ်တည်းက ထုတ်ပေးပြီး မြေကွက်အား လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူပိုင်ရှင်ဖြစ်ပါသည်။

အထက်ပါ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဟန် ပိုင်ဆိုင်သော မြေကွက်အတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေသဘောတူခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်နေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဝင်ရောက်သူများအနေဖြင့် ဤကြော်ငြာစာပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဟန်ပိုင်မြေကွက်အတွင်းမှ အပြီးအပိုင်ဖယ်ရှားထွက်ခွာပေးရန် တောင်းဆိုလိုက်ပါသည်။ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာရဲစခန်း၊ တရားရုံးတို့တွင် ဥပဒေနှင့်အညီ တိုင်တန်းတရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျူးကျော်နေထိုင်သူများနှင့် သက်ဆိုင်သူများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B)** — **ဒေါ်နှင်းဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၃ဝ၅)**
**အမှတ်- ၃၆၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉-၅ဝ၈၈၆ဝ၅၊ ဝ၉-၅ဝ၆၄၉၅၉**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၉၁)၊ ၆-လွှာ(ခေါင်းရင်းခန်း/တိုက်ကိုမျက်နှာမူလျှင်ဘယ်ဘက်)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ထိုအခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်၏မိတ်ဆွေသည် လက်ဝယ်ရှိ ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းပေါ်တွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်ဟု အဆိုပြုကန့်ကွက်လိုသူ မည်သူမဆို စစ်မှန်ကြောင်းထင်ရှား၍ မှန်ကန်ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်ပြည့်မြောက်သည့်နေ့နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။ ကန့်ကွက်သူမရှိလျှင်ဖြစ်စေ၊ လာရောက်ကန့်ကွက်သူသည် ယုံကြည်လက်ခံနိုင်သူတစ်ယောက်မဟုတ်လျှင်ဖြစ်စေ၊ အရောင်းအဝယ်အား တည်ဆဲဥပဒေများနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေနန္ဒာမြင့် LL.B, LL.M** — **ဦးကိုကိုဦး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၉၅၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၄၆)**
**ဒေါ်ဟေမာချစ်ဆွေ LL.B, LL.M, DIL** — **K.S.T Legal**
**အထက်တန်းရှေ့နေ(စဉ်-၅၄၂၈ဝ)**
**Unit 11 & 12, 16th Floor, Office Tower 2, Times City, Between Hanthawaddy & Kyuntaw Road, Kamayut Township,Yangon, Myanmar.**
**Mobile: 09-5090942, 09-765443750**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီအိမ်ရာ(စုပေါင်းအဆောက်အအုံ)၊ ဦးသင်းဖေလမ်း၊ တိုက်အမှတ် (၄)၊ အခန်းအမှတ် (ဝဝ၂)၊ မြေညီထပ်၊ (၁၇ပေx၅၅ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်တင်တင်မြင့် (ISN-ဝ၈ဝ၉၃၅)[၁၂/လမန(နိုင်)ဝ၈ဝ၉၃၅] အမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက်ကိုယ်တိုင်မှ အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ (စဉ်-၂၆၄ဝ၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒ္ဒသနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉-၂၅ဝ၆၈၅၇၁၇၊ ဝ၉- ၇၉၇၆၄ဝ၆၁၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၅ဝ)၊ မြေကွက်အကျယ်အဝန်းမှာ အလျား(၆ဝပေ)x အနံ(၆ဝပေ)ရှိသည့် အောင်မင်္ဂလာ(၂)လမ်းဘက်သို့ မျက်နှာမူထားသည့် အဆိုပါခြံမြေကွက်၏ အနက်ထဲမှဘယ်ဘက်ခြမ်းဖြစ်သော အလျား(၁ဝပေ) xအနံ (၆ဝပေ)ရှိ မြေကွက်နှင့် ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အားလုံးတို့အား ယခုလက်ဝယ်ထားပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်အေးအေးမြင့် [၁၂/အစန(နိုင်)၁၁ဝဝ၈၆]၊ (၂) ဒေါ်ခင်ခင်မြင့် [၁၂/အစန(နိုင်)၁၁၄၅၄၉]၊ (၃)ဒေါ်ကျင်ကျင်ရွှေ [၁၂/အစန(နိုင်)၁၁ဝ၁ဝ၇]၊ (၄)ဒေါ်ညွန့်ညွန့်အေး [၁၂/အစန(နိုင်)၁၄၈၁၄ဝ] ကိုင်ဆောင်သူတို့မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုဆွေ [၁၂/အစန(နိုင်)၁၁၄ဝ၅၃]က ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ယုယုဆွေထံသို့ဖြစ်စေ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုယုဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းသိန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၇၅)**
**အမှတ်(၁၂၃/၅)၊ ရွှေသဇင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ဝ၉-၄၂ဝ၁၆၁၇၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၆ဝ၅၊ ၂ဝဝဝ စ/ပေ မြေကွက်တည်နေရာအမှတ်(၆ဝ၅)၊ သုဓမ္မာလမ်း၊ (င)ရပ်ကွက် ဦးလှဆိုင် [၁၂/မဂဒ(နိုင်)ဝ၁၁ဝ၅၇] အမည်ပေါက် နှစ် (၆ဝ)ဂရန်မြေအား မြေ အမည်ပေါက် ဦးလှဆိုင်(ခင်ပွန်း)သည် (၂၈-၁ဝ-၂ဝ၁၇) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ငွေးရီ [၁၂/မဂဒ(နိုင်)ဝ၁၁ဝ၅၆] မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် -၁၁ဝ၇/၂ဝ၂၃/၂၄-၁-၂ဝ၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၆ဝ၂)၊ မြေကွက်တည်နေရာအမှတ် (၆ဝ၂)၊ စာဂ(၂၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြကြည် [၁၂/ဥကတ(နိုင်)ဝ၃၄၆၆၇]၊ ဒေါ်တင်လှ (ကေအယ်လ်တီ-ဝ၄၇၃၉၄) အမည်ပေါက် နှစ် (၆ဝ) မြေငှားဂရန် အမည်ပေါက် ဒေါ်မြကြည်၊ ဒေါ်တင်လှ (၂)ဦး ဖြစ်ပြီး အမည်ပေါက် (၁)ဦးဖြစ်သူ ဒေါ်တင်လှ (မိခင်)နှင့် ဦးညွန့်စိန် (ဖခင်) တို့ ကွယ်လွန်သဖြင့် မွေးဖွားသော သား/သမီး (၇)ဦးအနက် သား(၂)ဦး ဖြစ်သူ ဦးမျိုးသီဟစိုးနှင့် ဦးသန်းထိုက်ဇော်တို့ သည်လူပျိုကြီးဘဝဖြင့် လည်းကောင်း၊ ကျန် သားတစ်ဦးဖြစ်သူ ဦးကျော်သူရ၊ ထပ်မံကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လွင်လွင်ကျော် [၁၂/လကန(နိုင်) ၁၄၃ဝ၁၈]မှ ကျန် သား/သမီးများဖြစ်ကြသော ဒေါ်ထားထားခိုင် [၁၂/ဥကတ(နိုင်)ဝဝ၁၇၃၈]၊ ဒေါ်ဝင်းဝင်းခိုင် [၁၂/ဥကတ(နိုင်)၁၆၃၁၄၃]၊ ဒေါ်ဖြူသင်းခိုင် [၁၂/ဥကတ(နိုင်)၁၇၅ဝ၈၂]၊ ဒေါ်ဖြူလင်းခိုင် [၁၂/ဥကတ(နိုင်)၁၇၆၈၆၅] တို့မှသမီး/မြေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်လှ၏ အစုကို ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လမ်း-တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်းအတွက် လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်(၁)ခု၏ ၂ဝ၂၃-၂ဝ၂၄ ဘဏ္ဍာရေးနှစ်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းလုပ်ပိုင်ခွင့်ကို နိုင်ငံသားများသို့ (၂၉-၃-၂ဝ၂၃) ရက်နေ့ (၉:ဝဝ)နာရီတွင် ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ ရှင်စောပုခန်းမ၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| **လမ်း-တံတားဂိတ်** | **ကြမ်းခင်းဈေး(ကျပ်သိန်း)** |
|---|---|
| (က) နဝဒေးတံတား(ပြည်) | ကျပ် (၁၂၁၅.၄၄)သိန်း |

၂။ လမ်း-တံတားဂိတ်၏ လေလံတင်သွင်းခွင့် လျှောက်လွှာကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့၌ (၂၄-၃-၂ဝ၂၃)ရက်နေ့ ညနေ (၄:ဝဝ)နာရီ နောက်ဆုံးထားမှတ်ပုံတင်နိုင်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ပဲခူးမြို့၊ တယ်လီဖုန်းနံပါတ် ဝ၅၂-၂၂၂၄၅၇၂ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**လေလံကြီးကြပ်ရေးအဖွဲ့**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(27-C-2)၊ မြေကွက်အမှတ်-၂၉၊ အမှတ်-၅၅ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မီနီကွန်ဒိုတိုက်ခန်း အမျိုးအစား၊ ခေတ်လေ့ကားပါ ပထမထပ်၊ (၂)လွှာ၊ (အလျား ၃၅ပေx အနံ ၅၅ပေ) အကျယ်အဝန်းရှိသည့် တိုက်ခန်းနှင့် နံရံတွင် တွယ်ကပ်တပ်ဆင်ထားသော လေအေးပေးစက် (Air-con) (၁) ကောင်အား (၂) လုံး၊ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပါက် မြေရှင်ကန်ထရိုက်တာ ဦးရန်နိုင် L.C 385 Y.N Construction Co.,Ltd. ထံမှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချို့နွယ်နွယ်ထွန်း [၁၂/ကမတ(နိုင်)ဝ၆၈၈၁၁]က မိမိသည် အထက်ပါ တိုက်ခန်းကို ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည်ဟု ဝန်ခံပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူ၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို (၁ဝ-၃-၂ဝ၂၃)ရက်တွင် ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစပြီး (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွန်းဒီဆန်း**
**LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၇/၂ဝ၂ဝ)**
**အမှတ်-၁ဝ/၁၂၊ ပထမထပ်၊ ၃၅-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-43200093**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က) ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် - ၅၅၊ ၂-ခန်း တွဲ(၅)ထပ်တိုက်၏ မြေညီထပ် (ခြေရင်းခြမ်း)၊ အကျယ်အဝန်း(အလျား၁၃½ ပေx အနံ ၅ဝပေ)၊ အကျယ်ရှိ ကန်ထရိုက်တာရရှိသည့် တိုက်ခန်းအား ဆက်စပ်ဝယ်ယူထားသူ ဒေါ်သက်သက်မွန်[၁၂/တမန(နိုင်)ဝဝ၆၃၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)**
**အမှတ်-၅ဝ၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉-၅ဝ၆၄၆၆၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ မေတ္တာလမ်း၊ အမှတ်(၉၆)နေ ၁။ ဦးနေလင်း [၁၂/သကတ(နိုင်)၁၂၂၁၁၅]၊ ၂။ ဒေါ်နုနုဝေ [၁၂/ဥကမ(နိုင်)ဝ၂၆၅၁၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ နှင်းဆီလမ်း၊ ဦးပိုင်အမှတ်(၂၈/က)၊ (ကုလားတန်း)၊ အမှတ်(၆၂/ခ)ဟုခေါ်တွင်သော (အလျား ၁ဝပေx အနံ ၇၁ပေ) အကျယ်ရှိ ခြံမြေကို ဦးနေလင်းနှင့် ဒေါ်နုနုဝေတို့က ဒေါ်ပန်းနီလာအောင် [၁၁/စတန(နိုင်)ဝ၄၅၂ဝ၅] ထံမှ (၁၃-၉-၂ဝ၂၂) ရက်နေ့က ဝယ်ယူကာ အနှောင့်အယှက်ကင်းစွာ လက်ရှိထားအကျိုးခံစားလျက်ရှိပါသည်။

ယခုထပ်မံ၍ အထက်ပါမြေနှင့် တစ်ဆက်တည်းဖြစ်သော ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ နှင်းဆီလမ်း၊ ဦးပိုင်အမှတ် (၂၈/က)၊ (ကုလားတန်း)၊ အမှတ်(၆ဝ) ဟုခေါ်တွင်သော (အလျား ၃ဝပေ x အနံ ၇ဝပေ) အကျယ်ရှိ ခြံမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်ကို ရောင်းချသူ ဒေါ်ပန်းနီလာအောင်[၁၁/စတန(နိုင်)ဝ၄၅၂ဝ၅]က အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချပိုင်ခွင့်ရှိသူဟုပြောဆိုကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ဦးနေလင်းနှင့် ဒေါ်နုနုဝေတို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါဝင်းစိန် LL.B,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆၃)**
**အမှတ် (၆)ရပ်ကွက်၊ နတ်စင်တရာဘုရားရှေ့လမ်း၊**
**အောင်သုခမွေ့ရိပ်သာအနီး၊ မြို့ပြကွက်သစ်၊ ဘုရားကုန်းကျေးရွာ၊**
**သန်လျင်မြို့။ ဖုန်း - ဝ၉-၄၂ဝ၂၈ဝ၉**

## ကွယ်လွန်သူများဖြစ်ကြသော ဦးမြင့်သန်းနှင့် ဒေါ်သန်းမြတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၅၂လမ်းသွယ်၊ သုခရိပ်သာ၊ အမှတ်- S/၂၉နေ ဒေါ်မိုးသီတာ (ဘ) ဦးမြင့်သန်း [၁၂/လမန(နိုင်) ၀၀၄၅၈၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကွယ်လွန်သူများဖြစ်သော ဦးမြင့်သန်းနှင့် ဒေါ်သန်းမြတို့တွင် (၁) ဒေါ်ရင်မေသန်း၊ (၂) ဦးအောင်ကျော်စိုး၊ (၃) ဦးမျိုးအောင်၊ (၄) ဒေါ်မိုးသီတာ၊ (၅) ဒေါ်ဥမ္မာအေး(ခ)ဒေါ်အိအိမွန် သားသမီး(၅)ဦး ထွန်းကားခဲ့ပြီး ဦးမြင့်သန်းသည် (၁၂-၁၁-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းမြသည် (၁၁-၈-၂၀၂၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီးနောက် အောက်ဖော်ပြပါ ပစ္စည်းများကျန်ရစ်ခဲ့ပါသည် -

(က) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်- ၁၅၉၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း (အလျား ၆၀ပေxအနံ ၅၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်ပြည့်စုံလမ်း၊ အမှတ်(၁၅၉)ဟုခေါ်တွင်သည့် အခန်း(၂၀)ပါ (၂)ထပ်တိုက်(၁)လုံးနှင့်တစ်ထပ်တိုက်(၁)လုံး။ (ဦးမြင့်သန် အမည်ပေါက်)

(ခ) ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၊ မြေကွက်အမှတ်- ၆၅/က-၇၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၀.၀၄၃ဧကေ)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၅၂ လမ်းသွယ်၊ သုခရိပ်သာ၊ အမှတ်- S/၂၉ ဟုခေါ်တွင်သည့် (၃)ထပ်တိုက်လုံးချင်း အဆောက်အဦ(၁)လုံး။ (ဒေါ်သန်းမြ အမည်ပေါက်)

(ဂ) ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၃) လမ်း၊ အမှတ်-(၈၃၇)၊ (B-6)၊ အကျယ်အဝန်း (အလျား ၄၇ပေxအနံ ၁၁.၅ပေ)ရှိ ရေ၊ မီးစုံတိုက်ခန်း(၁)ခန်း။

(ဃ) ယာဉ်အမှတ်-3H/3183၊ ယာဉ်အမျိုးအမည်-TOYOTA RAV4 ZCA26၊ ယာဉ်အမျိုးအစား-STATION WAGON ဆေးရောင်-WHITE ၊ မော်တော်ယာဉ်(၁)စီး။ (ဦးမြင့်သန်း အမည်ပေါက်)

(င) မြန်မာ့စီးပွားရေးဘဏ်ရှိ ဒေါ်သန်းမြနှင့် ဒေါ်ရင်မေသန်း အမည်ဖြင့် ဖွင့်လှစ်ထားသော ငွေစုစာအုပ်(၁)အုပ်။

(စ) KBZ ဘဏ်ရှိ ဒေါ်သန်းမြနှင့် ဒေါ်ရင်မေသန်း အမည်ဖြင့် ဖွင့်လှစ်ထားသော ငွေစုစာအုပ်(၁)အုပ်။

(ဆ) ဒေါ်ရင်မေသန်းထံတွင် ကျန်ရစ်သော ငွေသား ငွေကျပ် ၅၀၀၀၀၀၀၀ိ/-နှင့် ငွေကျပ် ၂၀၀၀၀၀၀၀ိ/-ကျပ် တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ စသည့် ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ ယခုအခါ ဦးမြင့်သန်းနှင့် ဒေါ်သန်းမြတို့ ကျန်ရစ်သောပစ္စည်းများမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆိုင် ပစ္စည်းများဖြစ်ပါသည်။ အဆိုပါ အမွေဆိုင်ပစ္စည်းများကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိပါဘဲလျက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်း၊ စီမံခန့်ခွဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင်**
**(LL.B,DIL,DBL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၈/၁၅-၆-၂၀၁၇)**
**၁၅၃၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5030919, 09-780411006**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅-ကံဘဲ့၊ မြေကွက်အမှတ်- ၈၇/ခ၊ ဧရိယာ (၀.၂၉)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၁)၊ ပြည်သာယာလမ်း၊ ဘောက်ထော် (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဒေါ်တင်တင်ဇ) အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ဇထံမှ အပိုင်ပေးစာချုပ်အမှတ်-၆၅၁/က(၂၁-၉-၁၉၆၃)ဖြင့် ဒေါ်နှင်းခင်၊ ဒေါ်စောလှဖြူတို့မှ ပိုင်ဆိုင်ပြီး ဒေါ်နှင်းခင် ကွယ်လွန်သဖြင့် ဒေါ်စောလှဖြူထံမှ အရောင်းအဝယ်စာချုပ်အမှတ်- ၁၀၀၈/၇၁ (၂၀-၁၂-၁၉၇၁)ဖြင့် ဒေါ်ခင်မိမိမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်မိမိ(မိခင်)နှင့် ဦးစိန်မြိုင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီး (၆)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမြိုင်(ခ)ဒေါ်ခရစ္စတင်းမြိုင်သည် အမွေရှင်ဖြစ်သူ မိခင်ထက်စော၍ ကွယ်လွန်ပြီး ခင်ပွန်းဖြစ်သူ ဦးချစ်ကိုကို(ကွယ်လွန်)သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးမောင်မောင်မင်းသူ [၁၂/ရကန(နိုင်) ၀၀၁၆၆၈]နှင့် ကျန်သားသမီးများဖြစ်ကြသော ဦးခင်မောင်မြိုင် [၁၂/ရကန (နိုင်)၀၅၅၅၂၀]၊ ဦးဒစ်ကီ(ခ) ဦးကျော်စိုး [၁၂/ရကန(နိုင်)၀၆၂၇၄၇]၊ ဒေါ်ငြေးငြေးမြိုင်(ခ)ဘေဘီမြိုင် [၁၂/ဗတထ(နိုင်)၀၂၁၇၃၄]၊ ဒေါ်မြတ်မြတ်မြိုင် [၁၂/ရကန(နိုင်)၀၅၄၃၀၂]၊ ဒေါ်သက်သက်မြိုင် [၁၂/ရကန(နိုင်)၀၅၄၃၆၁]တို့မှ ပူးတွဲ၍ သားသမီး/မြေးတော်စပ်ကြောင်းနှင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း (၆-၁၂-၂၀၂၂)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်၊ အရောင်းစာချုပ်၊ အပိုင်ပေးစာချုပ်၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

